# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
(၃၁)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်**

**( ၂၀၁၈ ခုနှစ်၊ မတ်လ ၂၂ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၃၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၃)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၂၀၇)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၂.၈၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၃၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**စောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ ၂၂-၃-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ မျက်စိဆေးရုံ ရက်ချိန်းပြသရန်။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုရပ်တန့်ရေး ကမ်ပိန်းအခမ်းအနားတက်ရောက်ရန်။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ဂုဏ်အတိုင်း။ ဗိုလ်မှူးကြီးအောင်လွင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဂုဏ်အတိုင်း။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၉)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၇)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၁၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၁၆)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ က သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသခံတိုင်းရင်းသားများ ပညာရေးဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေးမြှင့်တင်မှုတို့နှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် က ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသခံတိုင်းရင်းသားများ ပညာရေးဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေးမြှင့်တင်မှုတို့နဲ့ စပ်လျဉ်း၍ သိရှိလိုတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီး အားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။


ကျွန်တော်ကတော့ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ဖြစ်ပါတယ်။ ဒေသခံတောင်ပေါ် တိုင်းရင်းသားများ ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးအဆင့်မြှင့်တင်ပေးနိုင်မှုအတွက် ဒီ မေးခွန်းကို မေးမြန်းခွင့် တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ “ဝ” ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းတွင် အခြေခံပညာသင်ကျောင်းဆောင်များ အဆင့်မြှင့်တင်မှု လိုအပ်ချက်များစွာ ရှိနေသည်ကို လွှတ်တော်နားရက် ကာလများတွင် စိစစ်တွေ့ရှိခဲ့ရပါတယ်။ ဒေသခံများ ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် တတ်နိုင်သလောက်သာ တည်ဆောက်ခဲ့သော ကျောင်းအမည်ခံ စာသင်ကျောင်းများတွင် ဒေသခံကလေးများ ကြပ်ညပ်စွာ ပညာသင်ကြားနေရသည်ကို တွေ့ရှိခဲ့ရပါတယ်။ အထူးသဖြင့် အထူး မြှင့်တင်ဆောင်ရွက်ရန် လိုအပ်သော စာသင်ကျောင်းများမှာ “ဝ”အထူးဒေသ(၂) မိုင်းမောမြို့နယ်၊ နားဖန်း မြို့နယ်၊ စကူးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ ဘိန်းကလုံး ကျေးရွာအုပ်စု ကောင်းလန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ တုံကလပ်ကျေးရွာအုပ်စု၊ ရောင်လန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင် မြို့နယ်၊ စီကန်လိုက်ကျေးရွာအုပ်စု၊ လာကိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့ ဖြစ်ပါတယ်။ တင်ပြပါ စာသင်ကျောင်း(၄)ကျောင်း၏ ဥပမိရုပ်ကို Power Point ဖြင့် တင်ပြအပ်ပါတယ်။


လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်၏ ပညာရေး မူဝါဒတွင် ကျောင်းနေအရွယ် လူငယ်များအားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် မသန်စွမ်း နိုင်ငံသားများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို ပညာရေး အဆင့်အတန်းတွင် ပညာသင်ယူခွင့်ရရှိရန် ပညာရေးအထူးဝန်ဆောင်မှု အစီအစဉ်များအပါအဝင် လူတိုင်းအကျုံးဝင်ပညာရေး အစီအစဉ်ထားရှိရေးဟု ချမှတ်ထားပါတယ်။

သို့ဖြစ်ပါ၍ ဝေးလံခေါင်သီ ဒေသခံတိုင်းရင်းသားကလေးငယ်များ အဆင့်မီပညာသင်ကြား ခွင့်ရရှိရန် အောက်ပါမေးခွန်းများကို ရိုသေစွာ တင်ပြမေးမြန်းအပ်ပါသည်။ “ဝ” အထူးဒေသ(၂) မိုင်းမောမြို့နယ်၊ နားဖန်းမြို့နယ်၊ စကူးကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်း၊ ပန်ဝိုင်မြို့နယ်၊ ဘိန်းကလုံးကျေးရွာအုပ်စု၊ ကောင်းလန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ တုံကလပ်ကျေးရွာ အုပ်စု၊ ရောင်လန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် စီကန်လိုက်ကျေးရွာအုပ်စု၊ လာကိုင်း ကျေးရွာ အခြေခံပညာမူလတန်းကျောင်း (၄)ကျောင်းတို့၏ စာသင်ကျောင်းဆောင်သစ် လိုအပ်ချက် များကို နိုင်ငံတော်အစိုးရမှ မည်ကဲ့သို့ ကူညီပံ့ပိုးမည်နည်း။ မည်သည့်ဘဏ္ဍာရေးနှစ်တွင် အပြီးသတ် ဆောက်လုပ်ပေးနိုင်မည်နည်း။ အားလုံးကို ကျေးဇူးတင်ပါသည်။ (သြဘာသံများ)

ပန်ဝိုင်မြို့နယ်၊ စီကန်လိုက်ကျေးရွာအုပ်စု၊ လာကိုင်းကျေးရွာရှိ အ.မ.ကကျောင်းမြင်ကွင်းပုံ(ဗဗ)




ပန်ဝိုင်မြို့နယ်၊ တုံကလပ်ကျေးရွာအုပ်စု၊ ရောင်လန်းကျေးရွာရှိ အ.မ.က ကျောင်းမြင်ကွင်းပုံ(ဗဗ-၁)



ပန်ဝိုင်မြို့နယ်၊ ဘိန်းကလုံးကျေးရွာအုပ်စု၊ ကောင်းလန်းကျေးရွာရှိ အ.မ.က ကျောင်းမြင်ကွင်းပုံ(ဗဗ-၂)

ပန်ဝိုင်မြို့နယ် ၊ ဘိန်ကလုံးကျေးရွာအုပ်စု ၊ ကောင်းလန်းကျေးရွာရှိ အ.မ.က ကျောင်းပုံ



**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ နဂူမေ ကျေးရွာအုပ်စုတွင် ကွင်းအမှတ် (၈၄၈ - င) တောင်ချောင်းပြုစု မြောက်ကွင်း(၅)ဧကကို ပညာရေးဝန်ကြီးဌာနပိုင် စာသင်ကျောင်းမြေအဖြစ်မှ စွန့်လွှတ်ပေးရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုက်နယ်ဆေးရုံမြေအဖြစ် ပြောင်းလဲပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ နဂူမေကျေးရွာအုပ်စုတွင် ကွင်းအမှတ် (၈၄၈ - င) တောင်ချောင်းပြုစု မြောက်ကွင်း(၅)ဧကကို ပညာရေးဝန်ကြီးဌာနပိုင် စာသင်ကျောင်းမြေအဖြစ်မှ စွန့်လွှတ်ပေးရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုက်နယ်ဆေးရုံမြေအဖြစ် ပြောင်းလဲပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စု ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ပညာရေးဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့ မေးခွန်းတစ်ခုကို ကြယ်ပွင့်ပြမေးခွန်း အနေနဲ့ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ် ကျောက်တော်မြို့နယ်၊ နဂူမေကျေးရွာအုပ်စုဟာ ကျောက်တော်မြို့နယ်၏တောင်ဘက် ကစ္စပနဒီ မြစ်ကမ်းဘေးတွင်တည်ရှိတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ မြို့ပေါ်နဲ့ (၁၈)မိုင်လောက်ကွာဝေးပါတယ်။ အိမ်ခြေအားဖြင့် (၅၄၈)ဆောင်၊ လူဦးရေ (၂၇၂၁)ဦး နေထိုင်တဲ့ ကျေးရွာတစ်ခုဖြစ်ပါတယ်။ ကျေးရွာတွင် အများစုမှာ လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ နဂူမေကျေးရွာအုပ်စုတွင် ၁၉၉၆ - ၁၉၉၇ ခုနှစ်တွင် တွဲဖက်အလယ်တန်းကျောင်း ရရှိခဲ့၍ ကျေးရွာမြေ မြေရိုင်းဖြစ်သည့် ကွင်းအမှတ်(၈၄၈- င) တောင်ချောင်းပြူစု မြောက်ကွင်းတွင် ကျောင်းအဆောက်အဦကို ကိုယ်ထူကိုယ်ထ ဆောက်လုပ်ခဲ့ကြပြီး ပညာသင်ကြားခဲ့ကြပါတယ်။

၂၀၀၁ ခုနှစ်တွင် တွဲဖက်အလယ်တန်းကျောင်းအမည်ဖြင့် အဆိုပါမြေအား ပုံစံ(၁၀၅) လျှောက်ထားခဲ့မှုကြောင့် တွဲဖက်(အ.လ.က)ကျောင်းမြေအဖြစ် သတ်မှတ်ပြီး ပုံစံ(၁၀၅) ရရှိခဲ့ပါတယ်။ ၂၀၀၁-၂၀၀၂ ပညာသင်နှစ်တွင် မူလွန်ကျောင်းအဖြစ် တိုးမြှင့်ခဲ့ပါတယ်။ ကျောင်းအဆောက်အဦ ထပ်မံဆောက်လုပ်ရန် လိုအပ်လာတဲ့အတွက် အဆိုပါ မြေအား ဆောက်လုပ်မည့်နေရာတွင် သုသာန်နှင့် နီးကပ်နေတဲ့အတွက် ကျောင်းသားကလေးသူငယ်များ မသင့်တော်သည့်အတွက် ကွင်းအမှတ်(၈၄၈ - င) တောင်ချောင်းပြူစု တောင်ကွင်းသို့ စာသင်ကျောင်းကို ပြောင်းရွှေ့ဆောက်လုပ်စေခဲ့ပါတယ်။ ယခင် မြေနေရာနှင့် (၆)ဖာလုံလောက်ကွာဝေးပြီး ရွာအလယ် ရွာမြေဖြစ်သည့်နေရာကို ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်ပါတယ်။

အဆိုပါ တောင်ကွင်း၏ ပုံစံ(၁၀၅)ရရှိရေးအတွက် ၁၈-၆-၂၀၀၄ ခုနှစ်တွင် လျှောက်ထား ခဲ့ပြီး ၂၁-၆-၂၀၀၄ ခုနှစ်တွင် ရရှိခဲ့ပါတယ်။ အဆိုပါမြေမှာ (၂.၄၈)ဧကခန့် ရှိပါတယ်။ အဆိုပါ တောင်ချောင်းပြူစု တောင်ကွင်းတွင် ယခုအချိန်တွင် အ.ထ.က(ခွဲ) ကျောင်းအဆင့်အထိ ရရှိခဲ့ပြီး ဖြစ်ပါတယ်။ အဆောက်အဦများမှာ (၁)ထပ်အဆောက်အဦ(၂)ဆောင်၊ ဆောက်လုပ်ဆဲ (၂)ထပ်ဆောင် အဆောက်အဦ(၁)ဆောင် အခိုင်အမာဆောက်လုပ်ပြီး၊ အဆိုပါ မြေနေရာတွင် (၁၀)နှစ်ကျော်ခန့် ရှိနေပြီး ဖြစ်ပါတယ်။ အကျယ်အဝန်းကိုလည်း (၅)ဧကခန့် ပြည့်မြောက်အောင်အတွက် ကျေးရွာများမှ ဝိုင်းဝန်း ထည့်ဝင်ငွေများဖြင့် လယ်မြေများကို ဝယ်ယူပြီး ဖြည့်ပြီးခဲ့ပြီဖြစ်ပါတယ်။ ယခင်ကျောင်းဆောက်လုပ်ခဲ့တဲ့ (၈၄၈ - င)တောင်ချောင်းပြူစု မြောက်ကွင်း(၅)ဧကမှာ မည်သည့် အဆောက်အဦမှမရှိဘဲ ကျောင်းရန်ပုံငွေ ရရှိရေးဟု ခေါင်းစဉ်တပ်ကာ ကျေးရွာမှလယ်သမားတစ်ဦးအား ငှားရမ်းပြီး စပါးစိုက်ပျိုးနေတာ တွေ့ရှိ ရပါတယ်။

၂၀၁၄ ခုနှစ် ပထမအကြိမ် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်းမှာ ကျွန်တော်တို့ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင် ၏ လွှတ်တော်အတွင်း မေးခွန်းမေးမြန်းမှုကြောင့် ကျန်းမာရေးဝန်ကြီးဌာနမှ နဂူမေကျေးရွာအတွင်း တိုက်နယ်ဆေးရုံတစ်ရုံကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ဟု ကတိခံခဲ့ပါတယ်။ အဲဒါကြောင့် ဒီ နဂူမေကျေးရွာတွင် တိုက်နယ်ဆေးရုံ ဆောက်လုပ်ရန် မြေနေရာလိုအပ်လာတဲ့အတွက် ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာရှိ ကျေးရွာသူများနှင့် အစည်းအဝေး ပြုလုပ်ပြီး (၈၄၈ - င)တောင်ချောင်းပြုစု မြောက်ကွင်း မြေဧက(၅)နေရာမှာ အဆောက်အဦ ဆောက်လုပ်မြေဟု ပလပ်နေရာဖြစ်တဲ့အတွက် တိုက်နယ်ဆေးရုံဆောက်လုပ်ရန် သဘောတူညီခဲ့ကြပါတယ်။

အဆိုပါ မြောက်ကွင်းမှာ ယခင်ကတည်းက ကျေးရွာပိုင်မြေဧရိယာ ရှိနေခြင်းကြောင့် နဂူမေကျေးရွာ ကျန်းမာရေးဌာနနှင့်လည်း တစ်ဆက်တစ်စပ်တည်း ရှိနေပါတယ်။ တိုက်နယ်ဆေးရုံ ဆောက်လုပ်ရန် အကောင်းဆုံးမြေနေရာ ဖြစ်နေခြင်းတို့ကြောင့် ကျေးရွာသူ/ရွာသားများကို ငဲ့ညှာခြင်းအားဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျောက်တော်မြို့နယ်၊ နဂူမေကျေးရွာအုပ်စုတွင် ကွင်းအမှတ်(၈၄၈ - င) တောင်ချောင်းပြုစု မြောက်ကွင်း (၅)ဧကကို ပညာရေးဝန်ကြီးဌာနပိုင် စာသင်ကျောင်းမြေအဖြစ်မှ စွန့်လွှတ်ပြီး ကျန်းမာရေးဝန်ကြီးဌာန တိုက်နယ်ပိုင်၊ တိုက်နယ်ဆေးရုံမြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။　　။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။　　။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က ရှမ်းပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းစံအောင် ၏ မေးခွန်းဖြစ်သော ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသခံတိုင်းရင်းသားများ ပညာရေးဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေးမြှင့်တင်မှုတို့နဲ့ စပ်လျဉ်းပြီး သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ဦးစွာ ဖြေကြားတင်ပြသွားပါမယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင်ပါရှိသော ဟိုပန်မြို့နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ နားဖန်းမြို့နယ်၊ မက်မန်းမြို့နယ်၊ ပန်ဆန်းမြို့နယ် စုစုပေါင်း (၆)မြို့နယ်မှာ

ပညာရေးဝန်ကြီးဌာန၏ အခြေခံပညာကျောင်းများအနေနဲ့ အခြေခံပညာမူလတန်းကျောင်း(ခွဲ)(၂၅) ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(၇၆)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း (၁၁)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(၅)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၃)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(၁)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (၆)ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း(၁၂၇)ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း ဦးစွာ တင်ပြအပ်ပါတယ်။

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေဖြင့် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှ ဟိုပန်မြို့နယ်အတွက် ငွေကျပ်သိန်းပေါင်း(၁၀၆၀.၂)၊ မိုင်းမောမြို့နယ် အတွက် ကျပ်သိန်းပေါင်း(၂၇၀)၊ ပန်ဝိုင်မြို့နယ်အတွက် ကျပ်သိန်းပေါင်း(၉၂၀.၄)၊ နားဖန်းမြို့နယ် အတွက် ငွေကျပ်သိန်း(၅၄၀)၊ ပန်ဆန်း(ပန်ခမ်း)မြို့နယ်အတွက် ငွေကျပ်သိန်းပေါင်း(၁၀၉၂)သန်း ခွဲဝေ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော် ခွင့်ပြု ဘဏ္ဍာရန်ပုံငွေဖြင့် ကျောင်းဆောင်သစ်များဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း ပြုလုပ် ရာမှာ နိုင်ငံတော်ပိုင် အမည်ပေါက်စာရင်းရရှိမှုနှင့် နိုင်ငံတော်ပိုင်မြေယာပိုင်ဆိုင်မှုစတဲ့ အထောက်အထား ခိုင်လုံမှုရှိမှသာ ဘဏ္ဍာငွေ ခွဲဝေဆောင်ရွက်ပေးလို့ရပါတယ်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး) လျာထားချက်မှာလည်း ဟိုပန်မြို့နယ်အတွက် အဆောက်အဦအသစ်(၄)ဆောင်၊ အန္တရာယ်ကျောင်းဆောင်အား ဖျက်သိမ်းပြီး ကျောင်းဆောင်သစ်(၁)ဆောင်၊ ဝန်ထမ်းအိမ်ရာ(၄)ဆောင်၊ တိုးချဲ့ဆောင်(၂)ဆောင်၊ စုစုပေါင်း (၁၁)ဆောင်၊ အလားတူပဲ မိုင်းမောမြို့နယ်အတွက် တိုးချဲ့ကျောင်းဆောင်(၁)ဆောင်၊ မက်မန်းမြို့နယ်အတွက် အန္တရာယ် ကျောင်းဆောင်အား ဖျက်သိမ်းပြီး ကျောင်းဆောင်သစ်(၂)ဆောင်၊ တိုးချဲ့ဆောင် (၃)ဆောင်၊ စုစုပေါင်း (၆)ဆောင်နှင့် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသကြီးအတွက် စုစုပေါင်းကျောင်းဆောင် (၁၃)ဆောင် နှင့် ဝန်ထမ်းအိမ်ရာ(၄)ဆောင်တို့ကို ဆောင်ရွက်ပေးဖို့ လျာထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဒီ ကိုယ်စားလှယ်ကြီး မေးမြန်းသွားတဲ့ စကူး အခြေခံပညာမူလတန်းကျောင်း၊ ကောင်လန်း အခြေခံပညာမူလတန်းကျောင်း၊ ရောင်လန်း အခြေခံပညာမူလတန်းကျောင်းနှင့် လာကိုင်း အခြေခံပညာ မူလတန်းကျောင်းတို့ဟာ ပညာရေးဝန်ကြီးဌာနပိုင်အနေနဲ့ စာရင်းပေါက်ခြင်း မရှိသေးပါဘူး။ ဒီမြေယာ များကို နိုင်ငံတော်ပိုင်အဖြစ် ဦးစွာဆောင်ရွက်ပြီးမှသာ ကျွန်တော်တို့ အဆင့်မြှင့်တင်ခြင်း ကျောင်းဆောင် အသစ်ဆောက်လုပ်ခြင်းများ ဆောင်ရွက်ပေးနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။

မက်မန်းမြို့နယ်၊ ကောင်လန်း အခြေခံပညာမူလတန်းကျောင်းအတွက်လည်း ဒီ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်း ရန်ပုံငွေမှ (၆၀ x ၃၀)ပေ သွပ်မိုး၊ ပျဉ်ကာ အင်္ဂတေဆောင် (၁)ဆောင် ကျွန်တော်တို့ ဆောက်လုပ်ခဲ့ပြီးဖြစ်ပါတယ်။ ငွေကျပ်သိန်းပေါင်း (၁၉၀)နဲ့ မက်မန်းဗလ ဆောက်လုပ်ရေးကုမ္ပဏီမှ ဆောက်လုပ်ခဲ့ပြီးဖြစ်ပါတယ်။ ထို့အတွက် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း အတွင်း ပညာရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရာမှာ တင်ပြပါ မူလတန်းကျောင်း (၄)ကျောင်းသည် နိုင်ငံတော်ပိုင် စာရင်းပေါက်ရန် အရင်ဆောင်ရွက်ပြီးမှ ကျွန်တော်တို့ ဘက်ဂျက်လျာထား ဆောင်ရွက် ပေးနိုင်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ကျွန်တော်ကပဲ ဆက်လက်ပြီး ဒုတိယမေးခွန်းကို ဆက်လက်ဖြေကြား တင်ပြပါမယ်။ ရခိုင်ပြည်နယ် အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်နိုင် ရဲ့ မေးခွန်းဖြစ်သော ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ နဂူမေကျေးရွာအုပ်စုတွင် ကွင်းအမှတ်(၈၄၈ - င) တောင်ချောင်းပြုစု မြောက်ကွင်း(၅)ဧကကို ပညာရေးဝန်ကြီးဌာနပိုင် စာသင်ကျောင်းမြေအဖြစ်မှ စွန့်လွှတ်ပေးရန်နှင့် ကျန်းမာရေးဝန်ကြီးဌာန တိုက်နယ်ဆေးရုံမြေအဖြစ် ပြောင်းလဲပေးရန် အစီအစဉ်ရှိ/ မရှိဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ နဂူမေကျေးရွာအုပ်စု၊ နဂူမေကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရဲ့ မြေပိုင်ဆိုင်မှုမှာ ကွင်းအမှတ်(၈၄၈- င) တောင်ချောင်းပြုစု တောင်ကွင်း (၂.၄၈)ဧကနှင့် တောင်ချောင်းပြုစု မြောက်ကွင်း(၅)ဧကဟူ၍ ဒါ မြေပိုင်ဆိုင်မှု(၂)ခု ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အတိုင်း ဖြစ်ပေါ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိကျောင်းဆောက်ထားတဲ့မြေ (၂.၄၈)ဧကပေါ်မှာ (၁၂၀ x ၃၀) ပေ သွပ်မိုး၊ အုတ်ညှပ်(၂)ထပ်ဆောင် (၁)ဆောင်၊ (၉၀ x ၃၀) ပေ သွပ်မိုး၊ အုတ်ညှပ် (၂)ထပ်ဆောင်(၁)ဆောင်၊ (၈၀ x ၃၀) ပေ သွပ်မိုး၊ အုတ်ညှပ်(၁)ထပ်ဆောင်(၁)ဆောင်နဲ့ (၁၄၀ x ၃၀) ပေ RC (၂)ထပ်ဆောင်(၁)ဆောင်၊ စုစုပေါင်း စာသင်ဆောင် (၄)ဆောင် ရှိပါတယ်။ အဲဒီကျောင်းကလည်း ကိုယ်စားလှယ်တော်ကြီး အမိန့်ရှိသကဲ့သို့ အခု ၂၀၁၇-၂၀၁၈ မှ အဆင့်တိုးမြှင့်ပေးတဲ့ကျောင်း ဖြစ်ပါတယ်။ ဒီတင်ပြပါ ကျောင်းပိုင်မြေ (၅.၀၀)ဧကဟာ လက်ရှိတည်ဆောက်ထားတဲ့ ကျောင်းနေရာကနေ (၆)ဖာလုံလောက် ကွာဝေးတဲ့နေရာဖြစ်ပါတယ်။ လောလောဆယ်မှာတော့ မည်သည့်အဆောက်အဦမှ ဆောက်လုပ်ထားခြင်းမရှိတာကိုလည်း စိစစ်တွေ့ရှိရပါကြောင်း တင်ပြပါတယ်။

ပြီးခဲ့တဲ့ ၁၃-၇-၂၀၁၇ ရက်နေ့မှာ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ နဂူမေကျေးရွာအုပ်စု၊ နဂူမေကျေးရွာ ဘုန်းတော်ကြီးကျောင်းမှာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆောင်ပြီး ဒီနဂူမေကျေးရွာမှာ တိုက်နယ်ဆေးရုံဆောက်လုပ်ရန် အဖွဲ့ဝင်(၁၆)ဦးပါ တိုက်နယ်ဆေးရုံဖြစ်မြောက်ရေးကော်မတီကို အစည်းအဝေးပြုလုပ်ခဲ့ပါတယ်။ ဒီအစည်းအဝေးက နဂူမေကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)က ပိုင်ဆိုင်တဲ့ တောင်ချောင်းပြုစု မြောက်ကွင်း(၅)ဧကကို တိုက်နယ်ဆေးရုံဆောက်လုပ်ရန် အလွန်သင့်တော်သော မြေနေရာတစ်ခုအဖြစ် ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အတိုင်းပဲ သတ်မှတ်ဆုံးဖြတ်ခဲ့ပါတယ်။ ဒါ့အပြင် နဂိုရှိတဲ့ကျောင်းကို မြေနေရာပိုမိုရရှိဖို့ ဒီလက်ရှိဆောက်လုပ်ထားတဲ့ (၂.၄၈)ဧကအပြင် (၁.၅)ဧကကို မြေပိုင်ရှင် ဦးမောင်ကြည် ထံမှ ဒီကော်မတီကပဲ ဝယ်ယူလှူဒါန်းပေးခဲ့ပါတယ်။ နောက်တစ်ခါ ဒီကျောင်းနဲ့ ဆက်စပ်နေတဲ့ ပလပ်မြေ(၁)ဧကကိုလည်း အဆိုပါကျောင်းအတွက် ပေးအပ်ခဲ့ပါတယ်။ ဒီအတွက် ရွာကဖြည့်ပေးတဲ့အတွက် ဒါမြေနေရာ(၂.၅) ဧက ရရှိခဲ့ပါတယ်။ ဒီကျောင်းပိုင်အမည်ပေါက်ရေးအတွက် ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။

ဆက်လက်ပြီးတော့ ဒီကျောင်းကပိုင်တဲ့ (၆)ဖာလုံအကွာက (၅)ဧကကို တိုက်နယ်ဆေးရုံဖြစ်မြောက်ရေးအတွက် နဂူမေကျေးရွာတိုက်နယ်ဆေးရုံ ဖြစ်မြောက်ရေးကော်မတီရဲ့ တင်ပြမှုအပေါ်မှာ ရခိုင်ပြည်နယ် ပညာရေးမှူးရုံးက ၂၁-၂-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ဌာနစု(၂-ခ)/၀၇၅၅/ မြေယာ

(၂၀၁၈)ဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် ပြည်နယ်အစိုးရ၏ကြီးကြပ်မှုနဲ့အတူ အဆိုပါမြေမှာ တိုက်နယ်ဆေးရုံ ဖြစ်မြောက်ရေးအတွက် ကိုယ်စားလှယ်တော်ကြီးနှင့် ဒေသခံပြည်သူများ၏ ဆန္ဒနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိ အစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်လေးဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှေးရယ်ရှုမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၅။**

**ဦးရှေးရယ်ရှုမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှေးရယ်ရှုမောင် ဖြစ်ပါတယ်။ တောင်သူလယ်သမားရေးရာကော်မတီ၏ အစီရင်ခံစာအပေါ် ဆွေးနွေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားရေးရာကော်မတီဆိုတဲ့ ခေါင်းစဉ်ဟာ အင်မတန်မှ အရေးပါပြီး မြန်မာတစ်နိုင်ငံလုံးရဲ့ လူဦးရေအားလုံးအပေါ် ခြုံငုံကြည့်မယ်ဆိုရင် (၇၀)ရာခိုင်နှုန်းမှာ တောင်သူလယ်သမားဖြစ်နေလို့ပါပဲ။ နိုင်ငံနဲ့တစ်ဝန်း လူရော၊ တိရစ္ဆာန်ပါ အသက်ဆက်ပြီး ရပ်တည်နိုင်တာဟာ တောင်သူလယ်သမားများရဲ့ ထုတ်ကုန်ဆန်စပါးပဲ ဖြစ်ပါတယ်။ ချမ်းသာ၊ ဆင်းရဲမွဲတေခြင်း၊ လူ့အဖွဲ့အစည်းအသီးသီးမဆိုထားနဲ့ ကုန်ကုန်ပြောရရင် ဘုရားရှင်ကိုယ်တော်မြတ်ပင် ဆွမ်းဘုန်းပေးနိုင်ရန် ကပ်လှူပူဇော်ခြင်းအဆုံး ကုသိုလ်ပြုရန် အရေးပါလှပါတယ်။ ဆန်စပါးဖြစ်တဲ့ တောင်သူလယ်သမားများရဲ့ အဓိကလုပ်ငန်းကို ဟန့်တားနှောင့်ယှက် သိမ်းဆည်းအနိုင်ကျင့်ခြင်းသည် ကျေးဇူးရှင်များအား ကျေးဇူးအကန်းဆုံးလုပ်ရပ်ဖြစ်တယ်ဆိုတာ ဘယ်ဘာသာတရားပဲမေးမေး ဒီအတိုင်းပဲ ယူဆပါလိမ့်မယ်။ နိုင်ငံတော်က ထုတ်ပြန်သော ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းချက်မူဝါဒကို ဖင်ခုထိုင်ပြီး ဥပဒေမဲ့လုပ်ရပ်များနဲ့ မွေ့လျော်သာယာကြည်နူးနေသော တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများနဲ့ အစိုးရဝန်ထမ်းများသည် မသမာသူလက်မဲများနဲ့ ပေါင်းစပ်ပြီး နိုင်ငံတော်က တာဝန်ပေး

အသိအမှတ်ပြုသော ပြည်ထောင်စုလွှတ်တော်၊ တောင်သူလယ်သမားရေးရာကော်မတီအဖွဲ့အဆင့်ဆင့်သော ကော်မတီအဖွဲ့များအား အသိအမှတ်မပြု မခန့်လေးစား အရာမသွင်းလိုသော လုပ်ရပ်ပြုခြင်းသည် အလွန်စိတ်ပျက်စရာကောင်းပါတယ်။

သို့ပါ၍ ထိရောက်၊ လေးနက်၊ ပြတ်သားသော လုပ်ပိုင်ခွင့် အာဏာချပေးနိုင်ရန် အလွန်လိုအပ်နေသည့်အကြောင်း ဆွေးနွေးလိုပါတယ်။ ဖွတ်ပုတတ်ကို မိကျောင်းဖြစ်အောင်လုပ်၊ ဂျပိုးကိုလိပ်ဖြစ်အောင်ကြံ ဒီအတွက် ဗရုတ်သုတ်ခနဲ့ ပဋိပက္ခတင်ပြချက်ကို အထက်ပုဂ္ဂိုလ်ကြီးများက အောက်ကတီးပေးလိုက်တဲ့ ဘီလူးဆိုင်းနဲ့ စင်ပေါ်မှာ မျောက်က ကပြတော့ တောင်သူလယ်သမားပြည်သူများက အလွန်တရာမှ စိတ်ပျက်ကာ ယုံကြည်ချက်ကင်းမဲ့တဲ့အထိ ညည်းညူကြကုန်ရော၊ ဥပဒေမျက်လှည့်သမားများ ဖြစ်နေကြတာကို ပြည်သူများရဲ့ နှုတ်ဖျားက ထွက်လာသောအသံဟာ ဘယ်အစိုးရပဲတက်တက် အကျင့်ပျက်ခြစားမှုနဲ့ အာဏာရပြီးရင် ပြည်သူလူထုကို မျက်ကွယ်ပြုကြတာ ဓမ္မတာပါပဲလို့ နားထဲမှာ တဆတ်ဆတ်ကြားနေရလို့ များစွာစိတ်မကောင်းဖြစ်ကာ ရွေးချယ်စရာလမ်းက တစ်လမ်းပဲ ရှိပါတယ်။ လူထုဘက်က လိုအပ်ချက်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လူထုက ကိုယ့်ကိုရွေးချယ်ပြီးပြီ။ ဆုံးဖြတ်လိုက်ပြီ။ မားမားမတ်မတ် ရပ်တည် လုပ်ဆောင်ပေးပါမယ်။ သို့သော် ဥပဒေမျက်လှည့်ဆရာနဲ့ လက်မဲကြီးတွေရဲ့ အစုအဖွဲ့အင်အားနဲ့ မှားယွင်းလွဲချော်နေတဲ့ လုပ်ရပ်တွေကို ရင်ဆိုင်တွန်းလှန်နိုင်သော အင်အားရရှိရန် လိုနေပါသေးတယ်။ လွှတ်တော်မှ ဖွဲ့စည်းပေးသော တောင်သူလယ်သမားရေးရာကော်မတီ၏ လုပ်ပိုင်ခွင့်ကို အစွမ်းကုန်မြှင့်တင်ပေးနိုင်ပါရန် အကြံပြုဆွေးနွေးအပ်ပါတယ်။

ကျွန်တော်တို့ တောင်ပေါ်ဒေသလူမျိုးစုရဲ့ ဓလေ့အယူထုံးစံနဲ့ ကျင့်သုံးနေတာ ယနေ့အထိ ရိုးရှင်းပါတယ်။ မိဘဘိုးဘွားအစဉ်အဆက်က လုပ်ကိုင်မှီခိုစားသောက်နေရသော လယ်ယာကိုင်းကျွန်းများနဲ့ ပျော်မွေ့နေကြတဲ့ ဘာသာဓလေ့ဟာ အလွန်မှချစ်စရာကောင်းပါတယ်။ သို့သော် ပညာတတ်အားနည်းမှုကြောင့် မိမိပိုင်ဆိုင်သော လယ်ယာမြေကို အထောက်အထား မလုပ်တတ်တော့ မိမိကံကြမ္မာအလှည့်အပြောင်းက ကိုယ်ဘက်ကမပါ၊ ပညာတတ်ဥပဒေမဲ့ အသိုင်းအဝိုင်းများ အစုအဖွဲ့က ရိုးသားသောတောင်သူလယ်သမားဘဝကို လင်းတဘဝထက် ဆိုးအောင် ဖန်တီးကြပြီး--------

**ဥက္ကဋ္ဌ**။　　။ ကိုယ်စားလှယ်၊ ဆွေးနွေးတာ အစီရင်ခံစာပေါ်မှာ ဆွေးနွေးပါ။ ဆွေးနွေးတာ ဘာကို ဆွေးနွေးချင်တာလဲ၊ အဲဒါလေး တစ်ချက်နည်းနည်း၊ အစီရင်ခံစာပေါ် ဆွေးနွေးပါ။

**ဦးရှေးရယ်ရှုမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။　　။ ဟုတ်ကဲ့။ အခုတလော စွန့်ပစ်သော တောင်သူလယ်သမားရဲ့လယ်မြေများကို ကြည်ဖြူစွာဖြင့် မေတ္တာရှေ့ထားပြီး ပြန်လည်စွန့်လွှတ်ပေးနိုင်ရန်အတွက် မျှော်လင့်ချက်ရှိပါသေးရဲ့လားလို့ ဝမ်းနည်းစွာဖြင့် သံသယဖြစ်ရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအဆင့်ကိုယ်စားလှယ်များကို တိုင်းဒေသကြီးပြည်နယ်အစိုးရနဲ့ ဌာနဆိုင်ရာများရဲ့ အောက်ခြေမှ ထုံးလိုမွှေ ရေလိုနှောက် ခြေရာဖျက်ပြီး သာယာမှုကိုရှာကြံဖန်တီးနေကြသော ဝိသမလောဘသားများရဲ့ အခွင့်အာဏာကို နိုင်ငံတော်က အသိအမှတ်ပြုထားပေးသော သက်ဆိုင်ရာကော်မတီများကို ပြတ်ပြတ်သားသား ထိထိရောက်ရောက် လုပ်ကိုင်ခွင့်များ

ချမှတ်ပေးနိုင်ရန် အကြံပြုဆွေးနွေးမှုကို အဆုံးသတ်ရပါတယ်။ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းပါစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၁။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများ အားလုံးမင်္ဂလာပါရှင်။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း ဖြစ်ပါတယ်။ ၁၄-၃-၂၀၁၈ ရက်နေ့က လွှတ်တော်ကို တင်သွင်းခဲ့တဲ့ အမျိုးသားလွှတ်တော် တောင်သူလယ်သမား ရေးရာကော်မတီရဲ့ အစီရင်ခံစာနဲ့ စပ်လျဉ်းပြီး ဆွေးနွေးသွားမှာပါ။

ဥက္ကဋ္ဌကြီးရှင်။ ကော်မတီရဲ့ရည်ရွယ်ချက်ဖြစ်တဲ့ ကော်မတီသည် နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူဆောင်ရွက်နေသော တောင်သူလယ်သမားများ၏ဘဝ တိုးတက်စေရေးနှင့် နစ်နာမှုမရှိစေရေးအတွက် တတ်စွမ်းသမျှ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်ဆိုပြီး အစီရင်ခံစာမှာ ဖော်ပြပါရှိပါတယ်။ ဒီနေရာမှာ တောင်သူလယ်သမားများဘဝ နစ်နာမှု မရှိစေရေးဆိုတဲ့ အပိုင်းနဲ့ပတ်သက်ပြီး ဆွေးနွေးလိုပါတယ်။ ကျွန်မတို့နိုင်ငံမှာ တောင်သူလယ်သမားတွေရဲ့ ဘဝတွေ နိမ့်ကျခဲ့တာ၊ နစ်နာခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။ အထူးသဖြင့် ခေတ်အဆက်ဆက်မှာ အကြောင်းအမျိုးမျိုးပြ သိမ်းဆည်းခဲ့တဲ့ မြေသိမ်းယာသိမ်း ကိစ္စတွေကြောင့် နစ်နာခဲ့ကြရတဲ့ တောင်သူလယ်သမားတွေ ပြည်သူတွေဟာ ဒီနေ့ဒီအချိန်မှာလည်း မျှော်လင့်ထားသလို ဖြစ်မလာသေးပါဘူး။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနောက်ပိုင်း အစိုးရသစ်ဟာ ရွေးကောက်ပွဲကြေညာစာတမ်းပါ တောင်သူလယ်သမားများ၏ ဥပဒေမဲ့ ဆုံးရှုံးခဲ့သော လယ်ယာမြေများပြန်လည်ရရှိရေး၊ လျော်ကြေး၊ နစ်နာကြေး များရရှိရေး ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဆိုတဲ့အချက်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ဦးစားပေးမူဝါဒတွေချမှတ် ကြိုးစားလာတာကိုတော့ တွေ့ရပါတယ်။ အဲဒါကတော့ ဒုတိယသမ္မတ(၂)က ဥက္ကဋ္ဌအဖြစ်တာဝန်ယူတဲ့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ ဖွဲ့စည်းခဲ့ခြင်းပဲ ဖြစ်ပါတယ်။

ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေးမြေစစ်အဖွဲ့တွေကိုလည်း အဆင့်ဆင့် ဖွဲ့စည်းခဲ့ပြီး အဲဒီအဖွဲ့တွေမှာ ကျွန်မတို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တွေ၊ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တွေလည်း အဖွဲ့ဝင်အဖြစ်ပါ ပါတယ်။ သို့သော်လည်းပဲ ဒီအဆင့်ဆင့်သော မြေစစ်အဖွဲ့တွေဟာ ကျွန်မတို့ မျှော်လင့်ထားသလောက် အလုပ်ဖြစ်မလာတာကို တွေ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ အကြောင်းအချက် များစွာရှိပါတယ်။ ကျွန်မ အတွေ့အကြုံ၊ အခြားသော လွှတ်တော်ကိုယ်စားလှယ်များထံမှာ သိရတဲ့ အချက်များအပေါ်အခြေခံပြီးတော့ တင်ပြလိုပါတယ်။

(၁)အချက်က မြေစစ်အဖွဲ့အဆင့်ဆင့် ဖွဲ့ဆိုလို့သာ ဖွဲ့ရတယ်။ ဒီအဖွဲ့မှာ ပါဝင်လာတဲ့ အဖွဲ့ဝင်အများစုဟာ မြေယာပြဿနာအပေါ် စိတ်ဝင်စားမှုအားနည်းတဲ့သူတွေ ဖြစ်နေပါတယ်။ ဌာန

ဆိုင်ရာတွေက များပါတယ်။ တောင်သူလယ်သမား ကိုယ်စားလှယ်ဆိုတဲ့သူတွေဟာလည်း အရင်အစိုးရ အဆက်ဆက်မှာ ထွေ/အုပ်နဲ့ နီးစပ်သူတွေသာ ပါလာတာကို တွေ့ရပါတယ်။ (၂)အချက်က အစိုးရက ချမှတ်ပေးလိုက်တဲ့ မြေယာဆိုင်ရာမူဝါဒတွေကို နားမလည်ကြပါဘူး။ မြို့နယ်အဆင့်မှာ ဥက္ကဋ္ဌဖြစ်တဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးတွေ ကိုယ်တိုင်ကိုက ဒီမြေယာဖြေရှင်းရေးကိစ္စပေါ်မှာ လျော့တိလျော့ရဲ အလုပ် လုပ်ပါတယ်။ အလုပ်ပိုတစ်ခုကို လုပ်နေရတယ်လို့ သဘောထားနေကြတယ်ဆိုတာကို ကျွန်မတို့ မြင်တွေ့သုံးသပ်ရပါတယ်။ (၃)အချက်က အတွင်းရေးမှူးတာဝန်ယူထားတဲ့ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တာဝန်ရှိသူတွေဟာ တာဝန်ယူမှု၊ တာဝန်ခံမှုအခြေအနေ တော်တော်ဆိုးပါတယ်။ မှန်ကန်တဲ့မြေစာရင်းဆိုင်ရာ အချက်အလက်တွေကို မပေးလိုဘူး။ ထိမ်ချန်တယ်။ အချိန်တွေဆွဲတယ်။ ဆင်ခြေအမျိုးမျိုးပေးတယ်။ ရှေ့ကလူတွေလုပ်သွားတဲ့ မသမာမှုတွေကို နောက်က နေလိုက်ပြီးတော့ ဖုံးဖိပေးတာကို တွေ့ရတယ်။ ဒီမြေသိမ်းဆည်းခဲ့တဲ့ ဝန်ကြီးဌာန၊ စီးပွားရေးလုပ်ငန်း ရှင်တွေနဲ့ မြေသိမ်းဆည်းခံပြည်သူတွေကြားမှာဆိုရင် တရားမျှတမှုရှိစွာ ရပ်တည်မှု အားနည်းပါတယ်။ (၄)အချက်က မြေကိုသိမ်းဆည်းခဲ့ကြတဲ့ ဝန်ကြီးဌာန၊ အဖွဲ့အစည်းတွေဟာလည်း အကျိုးစီးပွား အမျိုးမျိုးတွေကြောင့် မြေကို လက်မလွှတ်လိုဘဲနဲ့ ဖက်တွယ်ထားကြပါတယ်။ လုပ်ပိုင်ခွင့်အာဏာကို အသုံးပြုပြီး မူလမြေပိုင်ရှင်တောင်သူတွေကို မြေပြန်မပေးရေးအတွက် နည်းလမ်းအမျိုးမျိုး အားထုတ်ကြတာကို တွေ့ရပါတယ်။

ကျွန်မရဲ့ မဲဆန္ဒနယ်မှာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနဟာ ဆိုရင်လည်း သိမ်းဆည်းမြေကို နှစ်ပေါင်း(၃၀)ကျော်လောက် စီမံကိန်းအကောင်အထည် မဖော်ဘဲထားခဲ့ပြီးတော့ မူလလယ်ပိုင်ရှင်တွေက ပြန်တောင်းလို့ မြို့နယ်မြေစစ်ကနေ စိစစ်နေတဲ့အခြေအနေကြမှပဲ စီမံကိန်း အကောင်အထည်ဖော်သယောင် ဟန်ရေးပြပြီးတော့ အဆောက်အဦတွေ ဇွတ်အတင်းဝင်ဆောက်ပါတယ်။ ဒီမြို့နယ်မြေစစ်က တားမြစ်စာထုတ်တာတောင် မလိုက်နာဘဲ ဆက်လုပ်ပါတယ်။ ဒါ ဒီရက်ပိုင်းအတွင်းမှာ ဖြစ်ပျက်နေတာပါ။ အနှစ်ချုပ်လိုက်မယ်ဆိုရင် မြေစစ်အဖွဲ့အဆင့်ဆင့်မှာ ပါဝင်တဲ့ဌာနဆိုင်ရာ တာဝန်ရှိအကြီးအကဲတွေနဲ့ မြေသိမ်းဆည်းခဲ့တဲ့ ဝန်ကြီးဌာနအဖွဲ့အစည်းတွေဟာ အခုအစိုးရသစ်ရဲ့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မူဝါဒ၊ ညွှန်ကြားချက်တွေကို ဂရုမစိုက်ပါဘူး။ လေးစားလိုက်နာမှုမရှိပါဘူး။

ဒါကြောင့် ဒီမြေသိမ်းယာသိမ်း ပြဿနာအပေါ်မှာ မှန်မှန်ကန်ကန် စိစစ်ရမယ့်အဖွဲ့ အဆင့်ဆင့်မှ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေကသာ မြေသိမ်းဆည်းခံပြည်သူတွေဘက်က နေပြီးတော့ ကျားကန်ပြီးတော့ ရပ်တည်ပေးနေရတဲ့ အခြေအနေဖြစ်ပြီးတော့ ပြဿနာဖြေရှင်းတဲ့ အဆင့်ထိကိုရောက်ဖို့ရာ အလွန်အမင်းကြန့်ကြာနေရပါတယ်။ အချို့သော ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ မြေယာနဲ့သက်ဆိုင်တဲ့ ဝန်ကြီးတွေကပါ ပြည်ထောင်စုအစိုးရရဲ့ မူဝါဒကို မကြေညက် အလေးမထားတဲ့အခါကျတော့ မြေသိမ်းခံတောင်သူလယ်သမားများရဲ့ မျှော်လင့်ချက်ဟာ ပိုပြီးတော့ အလှမ်းဝေးသွားပါတယ်။ မွန်ပြည်နယ်ဟာဆိုရင် အခြေအနေဆိုးတဲ့ အထဲမှာ ပါ ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ တော်တော်လုပ်ရကိုင်ရခက်ပါတယ်။ ဒီမွန်ပြည်နယ် ဝန်ကြီးချုပ်ရဲ့ ညွှန်ကြားချက်နဲ့ ကျွန်မရဲ့ မဲဆန္ဒနယ်က မြေသိမ်းဆည်းခံ တောင်သူတချို့ တရားစွဲခံထားရပါတယ်။

ဒီရက်ပိုင်းအတွင်းမှာ ဒီပြဿနာရဲ့ အကြောင်းအရင်းကို သိရှိအောင်မကြိုးစားဘဲနဲ့ ထစ်ကနဲရှိ လယ်သမားကို ဖမ်းပစ်မယ်၊ တရားစွဲပစ်လိုက်ဆိုတဲ့ အမိန့်ပေးတာဟာ အာဏာရှင်ခေတ်က လမ်းဟောင်းကို လိုက်ခြင်းပဲဖြစ်ပါတယ်။ လယ်သမားတွေကို တရားစွဲထောင်ချခြင်းနည်းလမ်းနဲ့ မြေယာအငြင်းပွားမှုပြဿနာကို ဘယ်ခေတ်တုန်းကမှ မဖြေရှင်းနိုင်ခဲ့ပါဘူး။ ကျွန်မတို့ ပြည်သူကို အုပ်ချုပ်ရာမှာ ကရုဏာမပါတဲ့ အုပ်ချုပ်မှုမျိုးဟာ ဘယ်တော့မှ မအောင်မြင်နိုင်ဘူးဆိုတာကို အုပ်ချုပ်သူများ သတိချပ်စေလိုပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အားဖြင့် ကျွန်မအနေနဲ့ တောင်သူလယ်သမားရေးရာကော်မတီကို အကြံပြုလိုပါတယ်။ ကျွန်မတို့ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးက လွှတ်တော်ကိုယ်စားလှယ်တွေ ဒီမှာရှိကြပါတယ်။ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် လွှတ်တော်ကိုယ်စားလှယ်များနဲ့ တွေ့ဆုံဆွေးနွေးပွဲတွေ ပြုလုပ်ပြီးတော့ မြေသိမ်းယာသိမ်း ပြဿနာဖြေရှင်းရာမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ကြားနာစေလိုပါတယ်။ သိရှိလာရတဲ့အချက်တွေပေါ်မှာ မူတည်ပြီးတော့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တွေကိုဖြစ်စေ၊ ဗဟိုမြေစစ်ကိုဖြစ်စေ၊ ဗဟိုမြေစစ်ကော်မတီကိုဖြစ်စေ အကြံပြုတိုက်တွန်းဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း လိုအပ်လို့ရှိရင် ကော်မတီအနေနဲ့ လွှတ်တော်မှာ အဆိုတင်သွင်းခြင်းနည်းလမ်းတွေကို ဆောင်ရွက်ပေးဖို့အတွက် အကြံပြုလိုပါတယ်။ ဒီလိုဆောင်ရွက်မှသာလျှင် နစ်နာနေတဲ့ တောင်သူလယ်သမားတွေရဲ့အရေးကို လွှတ်တော်အနေနဲ့ အတိုင်းအတာတစ်ခုအထိ ကူညီဖြေရှင်းပေးနိုင်မှာဖြစ်ပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၆။**

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီရဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကိုတင်သွင်းတဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအပေါ်မှာ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ကော်မတီရဲ့လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကာလအတွင်းမှာ ကော်မတီအစည်းအဝေးပြုလုပ်ခြင်း (၉)ကြိမ်နဲ့ အပြန်အလှန်ဆွေးနွေးပွဲ Debate ပြုလုပ်ခြင်း(၁)ကြိမ် ပြုလုပ်ခဲ့တယ်ဆိုတာကို သိရပါတယ်။ ကော်မတီအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်နဲ့ လွှတ်တော်ကော်မတီများရဲ့ အဓိကတာဝန်တစ်ရပ်ဖြစ်တဲ့ ဥပဒေပြုခြင်းကို ၃၀-၁၀-၂၀၁၇ ရက်နေ့မှာ မြေသိမ်းဥပဒေမူကြမ်းအား လွှတ်တော်အား တင်သွင်းနိုင်တဲ့အတွက်ကြောင့် ဂုဏ်ယူကြောင်း ပြောကြားလိုပါတယ်။ ထပ်မံပြီးတော့လည်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံ

ခန့်ခွဲရေးဥပဒေကို ပြင်ဆင်မှုများမှာလည်း ထဲထဲဝင်ဝင်ပါဝင်ခဲ့တဲ့အတွက်ကြောင့် အင်မတန်မှ ကောင်းမွန်သင့်မြတ်လှပါတယ်။ အစီရင်ခံစာအရ ပြည်သူများမှတင်ပြလာတဲ့ တိုင်ကြားစာပေါင်း (၆၃၀)စောင်လက်ခံရရှိတယ်လို့ သိရပါတယ်။ အဲဒီထဲကမှ ကွင်းဆင်းဆောင်ရွက်မှုက (၅)ကြိမ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များကို ဆက်လက်ပေးပို့တဲ့ အမှုတွဲက(၃၀)စောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရကနေပြီးတော့ ဆောင်ရွက်ပြီးစီးလို့ ပြန်လည်ပေးပို့တာကတော့ (၃)စောင်လို့ သိရပါတယ်။ ဒီမှာ ကျွန်မသိလိုတာကတော့ တိုင်ကြားစာပေါင်း(၆၃၀)ထဲကနေပြီးတော့ ကွင်းဆင်းဆောင်ရွက်မှု (၅)ခုကို ပြုလုပ်ခဲ့တယ်ဆိုတာ ဘယ်လိုဦးစားပေးအစီအစဉ် (criteria)နဲ့ ရွေးချယ်ပြီးတော့ ကွင်းဆင်းဆောင်ရွက်တာပါလဲ။ ဘာကြောင့်လဲဆိုတော့ လယ်သမားတွေဟာ မိမိတို့ဆုံးရှုံးနေတဲ့လယ်ယာတွေကို ပြန်လည်ရရှိဖို့အတွက်အလွန်ပဲမျှော်လင့်နေတာ ဖြစ်ပါတယ်။ ကော်မတီရဲ့ ကွင်းဆင်းဆောင်ရွက်မှုကိုလည်း အားလုံးကလိုလားနေပါတယ်။ ဒါကြောင့်မို့လို့ ဘယ်လိုအနေအထားမျိုးဆိုရင် မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်တယ်ဆိုတာကို သိလိုပါတယ်။ အဲဒါမှလည်း ကျွန်မတို့ ဒီမဲဆန္ဒနယ်မြေမှ လယ်သမားများကို ကျွန်မတို့ကအကြောင်းကြားပေးလို့ရမှာဖြစ်ပါတယ်။

ဒီမှာ ထပ်မံပြီးတော့ ဆွေးနွေးလိုတာကတော့ တိုင်ကြားစာရရှိမှုနဲ့ လက်တွေ့အရေးယူဆောင်ရွက်မှုက တော်တော်လေး ကွာဟနေတယ်ဆိုတာကိုလည်း တွေ့ရပါတယ်။ ရာခိုင်နှုန်းနဲ့ တွက်ကြည့်မယ်ဆိုလို့ရှိရင် ဒီတိုင်ကြားစာ(၆၃၀)ထဲကနေပြီးတော့ ကွင်းဆင်းဆောင်ရွက်မှုက (၅)ခုဆိုတော့(၀.၇၉)ရာခိုင်နှုန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဆက်လက်ပေးပို့တာကတော့ အမှုတွဲက(၃၀)ဆိုတော့ (၄.၇)ရာခိုင်နှုန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှ ဆောင်ရွက်ပြီးစီးလို့ ပြန်လည်ပေးပို့တာကတော့ (၃)မှု (၀.၄၇)ရာခိုင်နှုန်းဖြစ်နေပါတယ်။ အဲဒါကြောင့်မို့လို့ ဒီတိုင်ကြားရရှိတဲ့စာနဲ့လုပ်ဆောင်ပြီးစီးမှု အနေအထားဟာ အင်မတန်မှကွာဟနေလို့ အဲဒါကိုလည်း ပြန်လည်သုံးသပ်စေချင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီနဲ့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီတို့ဘယ်လိုပေါင်းစပ်ညှိနှိုင်း လုပ်ကိုင်ပါသလဲဆိုတာကိုလည်း သိရပါတယ်။ ကျွန်မထက်အရင် ဆွေးနွေးသွားတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကတော့ ထဲထဲဝင်ဝင်ဆွေးနွေးသွားပြီး ဖြစ်ပါတယ်။ အဲဒါကိုလည်း ကျွန်မ သိလိုတဲ့အတွက်ကြောင့် ဒီနေရာမှာ ကျွန်မ ထပ်မံပြီးတော့ မေးမြန်းလိုပါတယ်။ နောက်ဆုံးအနေနဲ့ကတော့ မြန်မာနိုင်ငံမှာ အပစ်အခတ်ရပ်စဲပြီးတော့ ငြိမ်းချမ်းရေးကို တည်ဆောက်ပြီးတော့ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံကို ဦးတည်နေတဲ့ အချိန်ဖြစ်ပါတယ်။ အချို့သော တိုင်းရင်းသားအဖွဲ့အစည်းတွေမှာလည်း မြေယာမူဝါဒရှိတယ်လို့ သိရပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ မြေယာကဏ္ဍဟာ အလွန်ပဲအရေးကြီးပါတယ်။ convergence land လို့ခေါ်တဲ့ မူဝါဒများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ တောင်သူလယ်သမားရေးရာနှင့် မြေယာကိစ္စများကို ဘယ်လို ပူးပေါင်းဆောင်ရွက်သွားသင့်သည်ကို ကော်မတီအနေနဲ့ လေ့လာသုံးသပ်စာတမ်းတိုတွေ ပြုစုပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေကို အသိပညာဖြန့်ဝေပေးပါလို့လည်း ကျွန်မ တိုက်တွန်းလိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၁။**

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ပါ။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီရဲ့ အစီရင်ခံစာအပေါ်မှာ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာ အပိုဒ် ၁၊ နိဒါန်းမှာ မြန်မာနိုင်ငံရဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများရဲ့ လူမှုစီးပွား ဘဝ ပိုမိုမြှင့်တင်ပေးနိုင်ရေးအတွက် ရည်ရွယ်ကာ တောင်သူလယ်သမားရေးရာကော်မတီကို စတင် ဖွဲ့စည်းခဲ့တာလို့ သိရပြီးတော့ အပိုဒ် ၃၊ ကော်မတီရဲ့ ရည်ရွယ်ချက်မှာတော့ နိုင်ငံတော်ရဲ့ လယ်ယာ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူဆောင်ရွက်နေသော တောင်သူလယ်သမားများ၏ဘဝ တိုးတက် စေရေးနှင့် နစ်နာမှုမရှိစေရေးအတွက် တတ်စွမ်းသမျှ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက် သွားရန်လို့ ဖော်ပြထားလို့ ရည်ရွက်ချက်က နှစ်မျိုးဖြစ်နေပြီးတော့ ဖော်ပြထားတဲ့ ရည်ရွယ်ချက်များ အောင်မြင်အောင်၊ ဘယ်အတိုင်းအတာထိအောင် ဆောင်ရွက်ပေးနိုင်ခဲ့တယ်ဆိုတာကို အစီရင်ခံစာမှာ ဖော်ပြပေးမယ်ဆိုရင် ပိုကောင်းမယ်လို့ မြင်မိပါတယ်။

ကော်မတီရဲ့ တာဝန်များမှာဖော်ပြတဲ့ အစီရင်ခံစာ အပိုဒ် ၃၊ အပိုဒ်ခွဲ (က)အရ လေ့လာ တွေ့ရှိချက်တွေအပေါ်မူတည်ပြီး လွှတ်တော်ကို ဘယ်လိုအဆိုမျိုးတွေ ဘယ်နှစ်ကြိမ်တင်သွင်းခဲ့တယ် ဆိုတာရယ်၊ အပိုဒ်ခွဲ (ဆ)အရ တောင်သူလယ်သမားများအတွက် အကျိုးဖြစ်ထွန်းစေမယ့် ဘယ်ကိစ္စတွေကို ဘယ်လိုနည်းလမ်းရှာဖွေပြီးတော့ ဘယ်နှစ်ကြိမ်လွှတ်တော်ကို တင်ပြခဲ့တယ်ဆိုတာမျိုး အစီရင်ခံစာမှာ ဖော်ပြပေးရင် ပိုမိုကောင်းမွန်မယ်လို့လည်း မြင်မိပါတယ်။ နောက် ကော်မတီရဲ့ လုပ်ပိုင်ခွင့်များထဲက အပိုဒ် ၅၊ အပိုဒ်ခွဲ (ဂ)အရ လေ့လာတွေ့ရှိချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့က ပြုပြင်ပြောင်းလဲ စီစဉ်ပေးရန်သင့်သော၊ လိုအပ်သလို အရေးယူဆောင်ရွက် ရန်သင့်သော တွေ့ရှိချက်များက ဘာတွေကို တွေ့ရှိပြီးတော့ လွှတ်တော်ဥက္ကဋ္ဌထံ ဘယ်နှစ်မှု ပြုစု တင်ပြခဲ့သလဲဆိုတာကို သိရှိလိုပါတယ်။

တောင်သူတွေအတွက် ပြုပြင်ပြောင်းလဲ စီစဉ်ပေးသင့်တဲ့ကိစ္စ၊ အရေးယူဆောင်ရွက်ရန် သင့်တဲ့ ကိစ္စတွေ နိုင်ငံနဲ့တစ်ဝန်းမှာ အများအပြားရှိနေမှာမို့ သိရှိလိုခြင်းလည်း ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်များကို အစီရင်ခံစာ အပိုဒ် ၆ မှာ ဖော်ပြထားလို့ ပြည်သူများနှင့် တောင်သူလယ်သမားများထဲမှ ပေးပို့လာသော တိုင်ကြားစာများအပေါ် ကော်မတီမှ ကွင်းဆင်းစိစစ်သင့်သည်ဟု ယူဆရသော လယ်ယာမြေသိမ်းဆည်းမှု တိုင်ကြားစာများနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များထံ လွှတ်တော်ရုံးကတစ်ဆင့် ဆက်သွယ်စိစစ် ဖြေရှင်းပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဖော်ပြထားပြီးတော့ အစီရင်ခံစာ အပိုဒ် ၁၃၊

လက်ခံရရှိသော တိုင်ကြားစာများနှင့် စပ်လျဉ်းပြီး ဆောင်ရွက်မှုအခြေအနေမှာ ၈-၇-၂၀၁၇ ရက်နေ့မှ ၂၈-၂-၂၀၁၈ ရက်နေ့အထိ ကော်မတီက တိုင်ကြားစာပေါင်း (၆၃၀)လက်ခံရရှိပြီးတော့ အမှုတွဲအစောင်(၃၀)သာ လွှတ်တော်ရုံးကတစ်ဆင့် သက်ဆိုင်တဲ့တိုင်းဒေသကြီး၊ ပြည်နယ် နေပြည်တော်သို့ ပေးပို့နိုင်ခဲ့တာကို တွေ့ရပါတယ်။

ဆောင်ရွက်ပြီးစီးမှုကို ပြန်လည်ပေးပို့တဲ့ ပြန်ကြားစာ (၃)စောင်ထဲသာ လက်ခံရရှိတယ်လို့လည်း သိရပြန်ပါတယ်။ ကျန်တဲ့ တိုင်ကြားစာ အစောင်(၆၀)နှင့်ပတ်သက်ပြီးတော့ ဘယ်လိုထိရောက်တဲ့ ဆောင်ရွက်မှုမျိုးနဲ့ ဆောင်ရွက်ထားကြောင်းကိုလည်း အစီရင်ခံစာမှာ ပြည့်ပြည့်စုံစုံ ဖော်ပြသင့်တယ်လို့ မြင်မိပါတယ်။ နိဂုံးချုပ်အားဖြင့် အစီရင်ခံစာရဲ့ အပိုဒ် ၁၅၊ အထွေထွေတင်ပြချက်ဆိုတာက တောင်သူလယ်သမားရေးရာကော်မတီက ကိုယ်ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်ကို ကိုယ့်ကော်မတီကို ပြန်ပြီးတော့ သုံးသပ်အကြံပြုသကဲ့သို့ ဖြစ်နေတာမျိုးကို သတိပြုပြီး အစီရင်ခံစာကို ရေးသားတင်သွင်းသင့်ကြောင်း အကြံပြုဆွေးနွေးရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု တောင်သူလယ်သမားရေးရာကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးလင်းတင်ဌေး(အဖွဲ့ဝင်၊ တောင်သူလယ်သမားရေးရာကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီအဖွဲ့ဝင် ဦးလင်းတင်ဌေး ဖြစ်ပါတယ်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးသို့ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီမှ တင်သွင်းထားသည့် ၈-၇-၂၀၁၇ ရက်နေ့မှ ၂၈-၂-၂၀၁၈ ရက်နေ့အထိ ဆောင်ရွက်ခဲ့သည့် အခြေအနေအပေါ် အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ရယူရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးတွင် တင်သွင်း မေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးလှမြင့်(ခ) ဦးလှမြင့်သန်း(အဖွဲ့ဝင်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီး တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းခဲ့တဲ့ အဆို၊ မေးခွန်းများနှင့်စပ်လျဉ်းသည့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ရဲ့ အစီရင်ခံစာ အရှေ့ပိုင်းကို ကော်မတီရဲ့ တာဝန်ပေးချက်အရ ကော်မတီအဖွဲ့ဝင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးလှမြင့်(ခ) ဦးလှမြင့်သန်းက တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် အသုံးပြုခွင့်ပေးပါရန် ပန်ကြားအပ်ပါတယ်။

## အမျိုးသားလွှတ်တော်
## အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ
## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့်အစီရင်ခံစာ

အစီရင်ခံစာရဲ့ နိဒါန်းပိုင်းကိုတော့ Slide ၂ မှာ ဖော်ပြထားခြင်းဖြစ်ပါတယ်။ ရည်ရွယ်ချက်ကိုတော့ Slide ၃ မှာ လေ့လာသိရှိနိုင်ပါတယ်။ အစီရင်ခံစာ အပြည့်အစုံကို ကိုယ်စားလှယ်တော်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်လို့ အဓိကကျတဲ့ အချက်များကို အနှစ်ချုပ် တင်ပြသွားပါမယ်။

**ကော်မတီ၏ ဆောင်ရွက်ချက်များ**

၃။ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ အဆို(၁)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၆၈)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၅၆)ခု၊ စုစုပေါင်း (၁၂၅)ခုကို တင်သွင်းခဲ့ပါတယ်။ အဆိုနှင့် မေးခွန်းများ ကတိဖြစ်ပေါ်မှု စိစစ်ရေးအဖွဲ့(၆)ဖွဲ့ ဖွဲ့ပြီးတော့ ဝန်ကြီးဌာနအလိုက် စိစစ်ခဲ့ပါတယ်။ ၆-၂-၂၀၁၈ ရက်နေ့တွင် ကော်မတီအစည်းအဝေးလုပ်ပြီး စိစစ်ချက်အရ ၁၅-၂-၂၀၁၈ ရက်နေ့မှာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း (၃)ခု၊ ပြည်ထောင်စုဝန်ကြီးဌာန(၁၄)ခုနှင့် ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့(၉)ခုတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးအတည်ပြုနိုင်ခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကော်မတီတို့ရဲ့ အစည်းအဝေးအတည်ပြုချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အဆို(၁)ခု၊ ကတိဖြစ်ပေါ်ခဲ့ကြောင်း အတည်ပြုချက်ရရှိခဲ့ပါတယ်။ Slide ၄ မှာ ဖော်ပြထားတဲ့အတိုင်း ဖြစ်ပါတယ်။

၄။ ကော်မတီနှင့် သက်ဆိုင်တဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များက တာဝန်ရှိပုဂ္ဂိုလ်များနှင့် အစည်းအဝေးပြုလုပ်အတည်ပြုချက်အရ Slide ၅ နှင့် ၆ မှာ ဖော်ပြထားတဲ့အတိုင်း ကြယ်ပွင့်ပြမေးခွန်း (၆၈)ခုအနက် (၃၆)ခု ကတိဖြစ်ပေါ်ခဲ့ပြီး၊ (၃၂)ခုကတော့ ကတိဖြစ်ပေါ်မှုမရှိခဲ့ကြောင်း အစီရင်ခံ တင်ပြထားပါတယ်။

၅။ ကော်မတီနှင့်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ တာဝန်ရှိသူများနှင့် အစည်းအဝေးအတည်ပြုချက်အရ ကြယ်ပွင့်မပြမေးခွန်း (၅၆)ခုအနက် မေးခွန်း(၂၅)ခု ကတိဖြစ်ပေါ်ခဲ့ပြီး၊ (၂၇)ခုကတိမဖြစ်ခဲ့ကြောင်း Slide ၇ နှင့် ၈ တို့မှာ ဖော်ပြထားတဲ့အတိုင်း အသေးစိတ်အစီရင်ခံတင်ပြထားပါတယ်။

၆။ အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များဖြစ်ပေါ်ခဲ့သော ကြယ်ပွင့်မပြမေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်ကို အစီရင်ခံစာရဲ့ နောက်ဆက်တွဲ(ဂ)မှာ ဖော်ပြထားပါတယ်။ အပိုဒ် ၉နှင့် ၁၀ ကို ကျွန်တော် ချုံ့ပြီးတော့ တင်ပြပါမယ်။ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးမှ ဆဋ္ဌမပုံမှန်အစည်းအဝေးအထိ အစည်းအဝေး (၅)ကြိမ်အတွင်းမှာ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့်မေးခွန်းများအနက် ပြည်ထောင်စုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အလိုက် ကတိဖြစ်ပေါ်မှုကို Slide ၉ တွင် ဖော်ပြထားပါတယ်။ ဆောင်ရွက်ရန်ကျန်တဲ့ ကတိများအား Slide ၁၀၊ ၁၁၊ ၁၂ နှင့် ၁၃ တို့မှာ အသေးစိတ်ဖော်ပြထားပါတယ်။

၇။ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပဉ္စမပုံမှန်အစည်းအဝေးတွင် ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စောမိုးမြင့်(ခ)ဆင်မြူရယ် မေးမြန်းခဲ့သည့် "ရွှေပါဝင်မှုနှုန်း မြင့်မားပြီးတော့ သတ္တုသိုက်ပမာဏကြီးမားတဲ့ သတ္တုသိုက်များ {မိုးထိမိုးမိလုပ်ကွက် (A)၊ ဝါးဖြူတောင် လုပ်ကွက်(B)၊ လယ်ပြင်လုပ်ကွက်(D)}တို့အား လုပ်ကိုင်ခွင့်ပြုထားသည့် ကုမ္ပဏီများက သတ်မှတ်ကာလအတွင်း သတ်မှတ်ရွှေပမာဏကို ပေးသွင်းရန် ပျက်ကွက်နေမှုအပေါ် မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း" မေးခွန်းနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့အဖွဲ့က ၂၃-၁-၂၀၁၈ ရက်နေ့မှ ၂၇-၁-၂၀၁၈ ရက်နေ့အထိ(၅)ရက် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ကို ကျွန်တော်တို့ Slide ၁၄ နှင့် ၁၅ မှာ ဖော်ပြထားတဲ့အတိုင်း ကော်မတီဝင် (၁၀)ဦးနှင့် မေးခွန်းရှင် (၁)ဦးပါတဲ့အဖွဲ့ ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ နေ့အလိုက် ကွင်းဆင်းစစ်ဆေးမှုကို အစီရင်ခံစာရဲ့ စာမျက်နှာ (၆)နှင့်(၇)မှာ ဖော်ပြထားပါတယ်။

၈။ ရွှေသတ္တုမိုင်းလုပ်ကွက် (A),(B)နှင့်(D) တို့ရဲ့ နောက်ခံသမိုင်း အကျဉ်းချုပ်ကို တင်ပြဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တင်ပြသွားပါမယ်။

(က) လုပ်ကွက်(A)သည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် အတွင်းတွင် တည်ရှိပြီး ဧရိယာ(၆၁၀၅)ဧကေ ကျယ်ဝန်းပါတယ်။ ယခင်က I van Hole ကုမ္ပဏီက ၁၉၉၆ ခုနှစ်မှာ ကနဦး စမ်းသပ်ရှာဖွေမှုများ စတင်ခဲ့ပြီးတဲ့နောက် ဆက်လက်လုပ်ကိုင်ခြင်း မပြုတော့ဘဲနဲ့ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလတွင် မိုးထိမိုးမိရွှေလုပ်ကွက်(A)ကို I van Hole ကုမ္ပဏီမှ ယခင်စမ်းသပ်တွေ့ရှိတဲ့ ရွှေစင်ပါဝင်မှုနှုန်း (၃၈.၀၆) PPM သတ္တုရိုင်းတန်(၆၈၉၂၆)တန်၊ ရွှေသတ္တုသိုက်ပမာဏ (၂.၆၂၃)တန် ရှိသည်ဟု ဘူမိဗေဒ လေ့လာတွေ့ရှိချက်ကို ဖော်ပြပြီးတော့ တင်ဒါခေါ်ယူခဲ့ရာမှာ နိုင်ငံသားကုမ္ပဏီ (၇၅)ခုက လျှောက်လွှာဝယ်ယူခဲ့သော်လည်းပဲ (၁၈)ခုကသာ တင်ဒါအဆိုပြုခဲ့ပါတယ်။ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီက လုပ်ကွက်(A)၊ (၆၁၀၅)ဧကကို ရွှေစင်(၅.၅၇၇)မက်ထရစ်တန်နှင့် အများဆုံး ပေးသွင်းသူအဖြစ် တင်ဒါအောင်မြင်ခဲ့ပါတယ်။ ဒါကြောင့် သတ္တုတွင်းဌာနနှင့် စာချုပ် ချုပ်ပြီးတော့ လုပ်ကိုင်ခွင့်ရခဲ့ပါတယ်။

(ခ) လုပ်ကွက်(B)နှင့်ပတ်သက်ပြီး တင်ပြရရင် လုပ်ကွက်(B)ဟာ လုပ်ကွက်(A)နှင့် တစ်ဆက်တည်းရှိပြီးတော့ ဝါးဖြူတောင်မှာတည်ရှိပါတယ်။ ဧကပေါင်း (၈၄၈၄.၅၉) ဧက ကျယ်ဝန်းပြီးတော့ ရွှေသတ္တုများ ဖော်ထုတ်တဲ့ အကြီးစားလုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ လုပ်ကွက်(B)ကို တင်ဒါဖြင့် ယှဉ်ပြိုင်စေခြင်း မဟုတ်ဘဲနဲ့ လုပ်ကွက်(A) အတွက် ဒုတိယအများဆုံး ရွှေ(၅.၁၀၇)တန်ဖြင့် တင်ဒါဝင်ပြိုင်ခဲ့တဲ့ ရွှေမိုးယံကုမ္ပဏီ၊ လုပ်ကွက်(B)ကို ရွှေစင်(၅.၁၇၇)တန်နှင့် လုပ်ကိုင်စေခဲ့ခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

(ဂ) လုပ်ကွက်(D)နှင့်ပတ်သက်ပြီးတော့ ရှမ်းပြည်မြောက်ပိုင်း၊ ကလောမြို့နယ်မှာ တည်ရှိပါတယ်။ ဧရိယာ(၆၇၂၆.၂၀)ဧကကျယ်ဝန်းတဲ့ ရွှေသတ္တုတူးဖော်တဲ့ လုပ်ငန်း

ကြီး ဖြစ်ပြီးတော့ ၎င်းလုပ်ကွက်ကို တင်ဒါဖြင့် ယှဉ်ပြိုင်ခြင်းမပြုဘဲနဲ့ လုပ်ကွက်(A)မှာ ယှဉ်ပြိုင်ခဲ့စဉ်တုန်းက ရွှေစင်(၂.၂၅၈) တန်ဖြင့် စတုတ္ထအများဆုံး တင်ဒါပေးသွင်းခဲ့တာ အာရှကမ္ဘာမြေကုမ္ပဏီ လုပ်ကွက်(D)ကို (၂.၂၅၈) မက်ထရစ်တန်နှင့် လုပ်ကိုင်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ပါတယ်။

၉။　　လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သတ္တုမိုင်းကြီးများဖြစ်တဲ့ လုပ်ကွက် (A),(B),(D)တို့က ရွှေစင်ပေးသွင်းရန် ပျက်ကွက်နေမှုအပေါ် မည်သို့အရေးယူဆောင်ရွက်သည်ကို မေးမြန်းခဲ့တဲ့ မေးခွန်းရှင်နဲ့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဝင်များ ပါဝင်တဲ့ အဖွဲ့က စိစစ်တွေ့ရှိချက်များကို အစီရင်ခံစာရဲ့ စာမျက်နှာ (၈)မှ (၁၄)အထိ အသေးစိတ် ဖော်ပြထားပါတယ်။ ဒီစိစစ်တွေ့ရှိချက်များအပေါ်မှာ ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ နိုင်ငံ့အတွက်၊ ပြည်သူလူထုအတွက် ရသင့်တဲ့ ရွှေတွေရရှိရေး လေ့လာသုံးသပ် ဆွေးနွေးအကြံပြုနိုင်ရေး ထုတ်နုတ်တင်ပြသွားပါမယ်။ အပိုဒ် ၁၄ မှာ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ လုပ်ခွင့်ရခဲ့သည့် လုပ်ကွက်(A)သည် မြန်မာနိုင်ငံတွင် အကြီးဆုံး မိုင်းကြီးဖြစ်ကြောင်းနှင့် ၃၁-၁၂-၂၀၁၇ ရက်နေ့မှာ ရွှေစင်ပိဿာ (၃၃၈.၈၀၉၇)ပိဿာကို နိုင်ငံတော်သို့ ပေးသွင်းခဲ့ပြီးတော့ ပေးရန်ကျန်တဲ့ ရွှေစင်ကတော့ (၃၀၇၆.၆၇)ပိဿာဖြစ်ကြောင်းနှင့် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လထဲမှာ နောက်ဆုံးပေးသွင်းရမယ့် အခြေအနေကို တွေ့ရှိခဲ့ရပါတယ်။

၁၀။　　၁၄-၁၀-၂၀၁၁မှ ၃၁-၁၂-၂၀၁၇ အထိ (၇)နှစ်တာအတွင်းမှာ ဖြုန်းတန်ချိန်(၆၃၆၂၆၅)တန်ကြိတ်ခွဲခဲ့ပြီးတော့ ရွှေစင်(၃၅၁၅.၆၃၈၄)ပိဿာ ထုတ်လုပ်ရရှိခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီဟာ ရွှေစင် (၅.၅၇၇)တန်ကို (၅)နှစ်အတွင်းပေးသွင်းမယ်လို့ သတ္တုတွင်းဌာနနှင့် ၁၆-၉-၂၀၁၁ မှာ စာချုပ် ချုပ်ဆိုခဲ့ပြီးတော့ I van Hole ကုမ္ပဏီက သတ္တုရှာဖွေတိုင်းတာခဲ့တဲ့ လွန်တွင်း DriLL Holes များကို ပြန်လည်စစ်ဆေးသော လွန်တွင်း Check DriLL Holes (၁၈)ကျင်းကို စုစုပေါင်းအနက်(၂၇၉၇.၃၆)မီတာ တူးဖော်ခဲ့ရာမှ ရရှိခဲ့တဲ့ လွန်စာ Core တွေကို အမှတ်(၂) သတ္တုတွင်းလုပ်ငန်းဌာနရဲ့ ထောက်ခံချက်နှင့် နိုင်ငံခြားကုမ္ပဏီတစ်ခုသို့ စမ်းသပ်ရန် ပေးပို့ခဲ့သော်လည်းပဲ စမ်းသပ်ရရှိခဲ့တဲ့ Result ကို ကျွန်တော်တို့ကို တင်ပြထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ သတ္တုတွင်းဌာနကိုလည်း တင်ပြထားခြင်းလည်း မရှိပါဘူး။

၁၁။　　မူလစာချုပ်အရ ၁၆-၉-၂၀၁၁ ရက်နေ့မှ ၁၅-၉-၂၀၁၆ ရက်အထိကာလအတွင်းမှာ ကုမ္ပဏီက သတ္တုတွင်းဌာနကို ပုတ်ပြတ်စနစ်နဲ့ ရွှေစင်(၅.၅၇၇)တန် ပေးသွင်းရန် စာချုပ် ချုပ်ဆိုခဲ့သော်လည်းပဲ အချိန်၊ နည်းပညာ၊ အရင်းအနှီးလိုအပ်သည်ဟု အကြောင်းပြပြီးတော့ စာချုပ်ကို (၂၅)နှစ်အထိ ဆွဲဆန့်ခဲ့ပါတယ်။ ပုတ်ပြတ် (၅)နှစ်အစား (၈)နှစ်သို့ ပြင်ပြီးတော့ ပေးသွင်းရမယ့် ရွှေစင်ပမာဏကို မပြောင်းလဲဘဲနဲ့ ကျန်(၁၇)နှစ်မှာ ထုတ်လုပ်မှုအပေါ် ခွဲဝေတဲ့၊ ခံစားတဲ့စနစ်နဲ့ ပေးသွင်းဖို့လို့ ဒုတိယအကြိမ် စာချုပ်ကို ပြင်ဆင်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ လုပ်ကွက်(A)မှာ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီနှင့် မိတ်ဖက်ကုမ္ပဏီ(၂၉)ခုတို့ လုပ်ကိုင်နေပြီးတော့ မိတ်ဖက်ကုမ္ပဏီများက ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလအထိကို အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီတို့ ရွှေစင် (၆၀၇)ပိဿာ ပေးသွင်းထားပြီးဖြစ်ကြောင်း စိစစ်တွေ့ရှိခဲ့ရပါတယ်။

၁၂။ ပေးသွင်းရမယ့်ရွှေစင် ပေးသွင်းခြင်းမပြုတဲ့အတွက် ၈-၁၁-၂၀၁၇ ရက်နေ့မှစပြီးတော့ ကုမ္ပဏီအနေနဲ့ လုပ်ငန်းများ ယာယီဆိုင်းငံ့ထားရန် သတ္တုတွင်းဌာနက ညွှန်ကြားခဲ့သော်လည်းပဲ ကုမ္ပဏီက ဖြုန်းများကို ဆက်လက်ကြိတ်ခွဲနေကြောင်း တွေ့ရှိခဲ့ရပါတယ်။ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီဟာ ၇-၁၁-၂၀၁၇ ရက်နေ့အထိ မိတ်ဖက်ကုမ္ပဏီများထံမှ ရွှေစင် (၆၀၇)ပိဿာ အပါအဝင် ရွှေစင် (၃၅၁၅.၆၃၈၄)ပိဿာ ထုတ်လုပ်ရရှိပြီးတော့ အမှတ်(၂)သတ္တုတွင်းဌာနသို့ စာချုပ်အရ ရွှေစင် (၁၃၀၀.၆၁၅၆)ပိဿာ အပ်နှံရမည် ဖြစ်သော်လည်းပဲ (၃၃၈.၈၀၉၇)ပိဿာသာ အပ်နှံခဲ့ကြောင်း တွေ့ရှိရပါတယ်။

၁၃။ ပေးရန်ကျန်တဲ့ရွှေစင်များဖြင့် လွန်တူးစက်များ၊ သတ္တုတူးဖော်တဲ့ စက်ယန္တရားများ၊ ယမ်းဘီလူးများ၊ ဆိုင်ရာနိုက်နဲ့ ဆက်စပ်ပစ္စည်းများ ဝယ်ယူရာမှာလည်းကောင်း၊ ဝန်ထမ်းလစာ၊ CSR အသုံးစရိတ်၊ သာသနိကအလှူ စသည့်အတွက် ကျခံသုံးစွဲခဲ့ကြောင်း ကုမ္ပဏီရဲ့တင်ပြချက်အရ စိစစ်တွေ့ရှိခဲ့ရပါတယ်။ သတ္တုထုတ်လုပ်မှု စရိတ်တွက်ချက်ရာမှာ နှစ်ရှည်ရင်းနှီးမြှုပ်နှံတဲ့ ယန္တရားများ (ဥပမာ Ball Mill No.1,No.2, New Factory 20 T(၃)လုံးတို့မှာ သက်တမ်း (၂၀)နှစ် သတ်မှတ်ပါက နှစ်စဉ်(၅) ရာခိုင်နှုန်းသာ တန်ဖိုးလျော့တွက်ရမည် ဖြစ်သော်လည်း တစ်နှစ်တည်းနှင့်(၁၀၀) ရာခိုင်နှုန်း လျော့တွက်ပြီးတော့ ဖော်ပြထားတာကို တွေ့ရပါတယ်။ အဆောက်အဦ၊ မော်တော်ယာဥ်၊ Mine Town၊ ရေကာတာ၊ လမ်း စတာတွေကိုလည်း (၄၀)ရာခိုင်နှုန်းပြထားတာကြောင့် ထုတ်လုပ်မှုတန်ဖိုးမှာ အမှန်ပိုပြထားသလို ဖြစ်နေကြောင်းတွေ့ရှိရပါတယ်။ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီအနေနဲ့ ၇-၁၁-၂၀၁၇ အထိ I van Hole ကုမ္ပဏီက စမ်းသပ်တိုင်းတာထားသော ရွှေစင်ပမာဏ (၂.၆၃၂)တန်ထက် နှစ်ဆကျော် (၅.၇၄၀၈)တန် ထုတ်လုပ်ရရှိခဲ့ပြီးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

၁၄။ လုပ်ကွက်(A)မှာ ရွှေပါဝင်တဲ့ ဖြုန်းကြိတ်ခွဲသန့်စင်စက်ရုံ(၈)ရုံ တည်ဆောက်ထားပြီးတော့ တစ်နေ့လျှင် ဖြုန်းတန်ချိန်(၂၀၀၀)တန် ကြိတ်ခွဲနိုင်တဲ့ စက်များရှိပြီးတော့ အချို့စက်ရုံများမှာ ဖြုန်းတွေကို ကြိတ်ခွဲနေကြောင်း တွေ့ရှိခဲ့ရပါတယ်။ ကုမ္ပဏီ လုပ်ကွက်(A)အတွက် အာမခံစပေါ်ငွေ ကျပ်သိန်း(၁၀၀၀၀)လုံးကို ပေးသွင်းရန်ပျက်ကွက်ခဲ့တဲ့ ရွှေများအတွက် သတ္တုတွင်းဌာနက ခုနှိမ်စေတာ ဖြစ်တာကြောင့် သူထပ်သွင်းရမယ့်ငွေ သိန်း(၁၀၀၀၀)အစား ကျပ်သိန်း(၅၅၀၀)သာ သွင်းထားလို့ အာမခံစပေါ်ငွေ ကျပ်သိန်း(၄၅၀၀)ထပ်မံပေးသွင်းရန် ကျန်နေကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ ဝန်ကြီးဌာနမှ ကုမ္ပဏီများအား ဆိုင်းငံ့ထားရန် အကြောင်းကြားထားသော်လည်း ၈-၁၁-၂၀၁၇ မှ စပြီးတော့ (၃)လအတွင်း ကုမ္ပဏီက ရွှေစင်ပိဿာ(၁၄၉)ပိဿာကို သန့်စင်ထုတ်လုပ် ရရှိထားကြောင်းလည်း တွေ့ရှိခဲ့ရပါတယ်။

၁၅။ အဲဒီတော့ လုပ်ကွက် (B) ရွှေမိုးယံလုပ်ကွက်မှ ဧရိယာသည် လုပ်ကွက် (A) ထက်ပိုပါတယ်။ ရွှေစင်ပိဿာလည်းပဲ (၃၀၁၂.၉)ပိဿာကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်မှာ ပေးသွင်းရန်ဖြစ်သော်လည်းပဲ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာအထိ ရွှေပိဿာ(၁၂၀.၆၃၃၄)ပိဿာသာ ပေးသွင်းထားကြောင်း တွေ့ရှိရပါတယ်။ အစီရင်ခံစာရဲ့ စာမျက်နှာ (၁၁)၊(၁၂)တို့မှာ အသေးစိတ်ဖော်ပြထားပြီး ဖြစ်ပါတယ်။ ဒီလိုပဲ လုပ်ကွက်(D) အာရှကမ္ဘာမြေကုမ္ပဏီနဲ့ ပတ်သက်ပြီးတော့လည်းပဲ အကျယ်အဝန်း၊ ရွှေထုတ်လုပ်မှုစနစ်၊ ပေးသွင်းရမယ့် ရွှေပမာဏ၊ ပေးသွင်းပြီးရွှေ၊ ပေးသွင်းရန် ကျန်ရွှေစတဲ့ အသေးစိတ်အချက်များကို ကျွန်တော်တို့ စာမျက်နှာ(၁၃)နဲ့ (၁၄)မှာ တင်ပြအစီရင်ခံထားပါတယ်။ အစီရင်ခံစာ စာမျက်နှာ

(၁၅)မှာတော့ MICA နဲ့ စာချုပ်ချုပ်ဆိုခဲ့ပြီးတော့ ပုသိမ်ကြီး နွားမွေးမြူရေးခြံနဲ့ ထုံးဘို ဝက်မွေးမြူရေးခြံတို့နဲ့ပတ်သက်ပြီးတော့ စိစစ်တွေ့ရှိချက်များကို အသေးစိတ် အစီရင်ခံတင်ပြထားပါတယ်။ ငါန်းဇွန်က ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့နယ်က၊ ကုက္ကဲလျှပ်စစ်ဓာတ်အားခွဲရုံတို့နဲ့ ပတ်သက်ပြီးတော့လည်း စိစစ်တွေ့ရှိချက်များကို စာမျက်နှာ (၁၆)နဲ့ (၂၄)အထိ လုပ်ကွက် (A),(B),(D) တို့ရဲ့ တင်ပြချက်များကို အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ စာမျက်နှာ (၁၆)က(၂၄)အထိ လုပ်ကွက် (A),(B),(D)တို့ရဲ့ တင်ပြချက်များကိုလည်းကောင်း၊ ဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်များကို စာမျက်နှာ (၂၄)နဲ့ (၂၅)တွင်လည်းကောင်း၊ ရှေ့နေချုပ်ရုံး၏ သုံးသပ်အကြံပြုချက်များကို စာမျက်နှာ(၂၅)မှ(၂၆) တွင်လည်းကောင်း၊ Third Party ၏ အကြံပြုချက်များကို စာမျက်နှာ(၂၆)မှ (၂၈)အထိတွင်လည်းကောင်း အသေးစိတ်ဖော်ပြထားတာကို ကိုယ်စားလှယ်တော်ကြီးများ လေ့လာနိုင်ရန် အစီရင်ခံ တင်ပြထားပါတယ်။

၁၆။    ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ကော်မတီက အကြိမ်ကြိမ်ညှိနှိုင်း ဆွေးနွေးလို့ရရှိခဲ့တဲ့ ကော်မတီရဲ့သုံးသပ်အကြံပြုချက်များကိုတော့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီအဖွဲ့ဝင် တစ်ဦးဖြစ်တဲ့ ဦးဝင်းအောင် က စိတ်ဝင်စားဖွယ် ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း အစီရင်ခံ တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလုပ်ကွက်(A)အား စိစစ်လေ့လာခြင်း မြင်ကွင်းပုံ (ဘဘ)



မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် ရွှေမိုးယံကုမ္ပဏီလုပ်ကွက်(B)အား စိစစ်လေ့လာခြင်း မြင်ကွင်းပုံ (ဘဘ-၁)



ရှမ်းပြည်နယ်၊ ကလောမြို့နယ် အာရှကမ္ဘာမြေ ကုမ္ပဏီလုပ်ကွက်(D)အား စိစစ်လေ့လာခြင်း မြင်ကွင်းပုံ (ဘဘ-၂)



**အချိန်၊ ၁၁း၁၃။**

**ဦးဝင်းအောင်(အဖွဲ့ဝင်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ် (၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ကွင်းဆင်းလေ့လာ သုံးသပ် ချက်များနဲ့ ပတ်သက်လို့ ကျွန်တော် ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။

**အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏သုံးသပ်အကြံပြုချက်**

၂၂။ ကွင်းဆင်းစစ်ဆေးခဲ့သောလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းသုံးသပ် အကြံပြု တင်ပြအပ်ပါသည် -

(က) လုပ်ကွက်(A)။ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီနှင့် ပတ်သက်၍ ကော်မတီ၏ သုံးသပ်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီနှင့် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းတို့ အကြား ချုပ်ဆိုထားသောစာချုပ်တွင် အကြီးစားသတ္တုလုပ်ငန်းများတွင် တင်ပြ ရမည့် ဖြစ်မြောက်နိုင်စွမ်းဆန်းစစ်ချက်(Feasilibity Report)သတ္တုတွင်း ထူထောင်မှုစီမံချက် (Development Plan)၊ သတ္တုတွင်းပိတ်သိမ်းသည့် အစီအမံ (Mine Closure plan)တောင်းခံခြင်း/တင်ပြထားမှုမရှိခြင်း သည် နှစ်ဦးနှစ်ဖက် အားနည်းချက်ဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

(၂) စာချုပ်ပါ စည်းကမ်းချက်နှင့် တာဝန်ဝတ္တရားများကို နှစ်ဖက်စလုံးက လိုက်နာ ဆောင်ရွက်မှု အပြည့်အဝမရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

(၃) အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီသည် ပေးသွင်းရမည့် ရွှေပမာဏ အား ပေးသွင်းရန်ပျက်ကွက်ခြင်း၊ ရွှေသတ္တုထုတ်လုပ်မှုလုပ်ငန်းများ ဆိုင်းငံ့ ထားရန် ညွှန်ကြားချက်ကို မျက်ကွယ်ပြုပြီး ရွှေသတ္တုရိုင်းများ ကြိတ်ခွဲခြင်း၊ သန့်စင်ခြင်းလုပ်ငန်းများအား ဆက်လက်လုပ်ကိုင်လျက်ရှိခြင်း၊ လုပ်ငန်းများ ရပ်ဆိုင်းထားရန် ညွှန်ကြားချက်အား လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများ နှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားစာ ပေးပို့ခဲ့သော်လည်း ဆက်လက်လုပ်ကိုင်လျက်ရှိပြီး ညွှန်ကြားချက်အား လိုက်နာရန် ထပ်မံပျက်ကွက်လျက်ရှိခြင်းကို တွေ့ရှိရသည့်အတွက် တာဝန်ရှိ သူများမှ အစီအမံများချမှတ်အရေးယူ ဆောင်ရွက်ရန် လိုအပ်ကြောင်း သုံးသပ် ရရှိပါသည်။

(၄) စာချုပ်၏အပိုင်း(၂၁)လုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်းအပိုင်း၊ အပိုဒ် (၂၁-၃)အရ သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ပေးအပ်သူများက ဝင်ရောက်

စစ်ဆေးခွင့်ရှိကြောင်း ဖော်ပြထားချက်အရ တာဝန်ပေးအပ်ခြင်းခံရသူများမှ ဝင်ရောက်စစ်ဆေးမှုနှင့် တွေ့ရှိချက် ပကတိ အရှိတရားများ၊ အခြေအနေမှန်များကို အချိန်နှင့်တစ်ပြေးညီ အစီရင်ခံခြင်းအပိုင်း၌ အားနည်းခဲ့ခြင်းကြောင့် ပြဿနာများကို သက်ဆိုင်ရာဝန်ကြီးဌာနက အချိန်မီ စီမံခန့်ခွဲထိန်းချုပ်နိုင်ရန် အချိန်လွန်သွားခဲ့ရဖွယ်ရှိကြောင်း သုံးသပ်ရရှိပါသည်။

(၅) အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီသည် စာချုပ် ချုပ်ဆိုသည့်နေ့မှစ၍ (၇-၁၁-၂၀၁၇) ရက်နေ့အထိ မိတ်ဖက်ကုမ္ပဏီများမှ ရရှိသော ရွှေစင် (၆၀၇)ပိဿာ အပါအဝင် ရွှေစင်စုစုပေါင်း (၃၅၁၅.၆၃၈၄)ပိဿာကို ထုတ်လုပ်ရရှိခဲ့ပြီးဖြစ်သော်လည်း နိုင်ငံတော်သို့ (၃၃၈.၈၀၉၇) ပိဿာကိုသာ ပေးသွင်းနိုင်ခဲ့ခြင်းမှာ ကုမ္ပဏီ၏တာဝန်ပျက်ကွက်မှုဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

(၆) ဒေသခံတိုင်းရင်းသား မိတ်ဖက်ကုမ္ပဏီများသည် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီသို့ ရွှေစင်(၆၀၇)ပိဿာ အပြည့်အဝပေးသွင်းခဲ့ပြီး ညွှန်ကြားချက်အား လိုက်နာလျက် လုပ်ငန်းများအားလုံး ရပ်ဆိုင်းထားကြောင်း စိစစ်တွေ့ရှိရပါသည်။

(၇) သမ္မတရုံး၏ ယာယီဆိုင်းငံ့ထားရန် ဝန်ကြီးဌာနမှ တစ်ဆင့်ညွှန်ကြားချက်ကို (သို့မဟုတ်)အကြောင်းကြားစာကို လိုက်နာခြင်းမပြုဘဲ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီက စုစုပေါင်းရွှေစင် (၁၄၉)ပိဿာ ထုတ်ယူထားခဲ့ခြင်းကို စိစစ်တွေ့ရှိရသည့်အတွက် စာချုပ်ပါစည်းမျဉ်းများအတိုင်း နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းစေမည့် အစီအမံများဖြင့် မြေခွန်မပြေ ကျန်ငွေကဲ့သို့ ကုမ္ပဏီထံမှ ကောက်ခံရန် ဆောင်ရွက်စေသင့်ကြောင်း သုံးသပ်ရရှိပါသည်။

(၈) မိုးထိမိုးမိလုပ်ကွက်(A)ရှိ သတ္တုမိုင်းသည် ရွှေသတ္တုသိုက် ပမာဏများစွာ ပါဝင်သဖြင့် နိုင်ငံတော်အတွက် ဘဏ္ဍာငွေပျောက်ပျက် ဆုံးရှုံးမှုမရှိရန် အလွန်အရေးကြီးသည်ဟု သုံးသပ်ရရှိပါသည်။ သို့ပါ၍ နိုင်ငံတော်မှ ရရှိမည့် အခွန်ဘဏ္ဍာနှင့် အကျိုးအမြတ်များ မနစ်နာစေရေးအတွက်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက်လည်းကောင်း၊ သတ္တုမိုင်းများ မပျက်စီးစေရေး၊ သတ္တုမိုင်းများ ဖျက်ဆီးမခံရစေရေးအတွက် အချိန်မီထိန်းသိမ်းကြပ်မတ်နိုင်ရန်အတွက်လည်းကောင်းပြည်ထောင်စုအစိုးရအဖွဲ့မှ ကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီး အစီအမံများ ချမှတ်၍ လျင်မြန်ထိရောက်စွာ ဆောင်ရွက်သင့်ပါကြောင်း လွှတ်တော်သို့ အစီရင်ခံ သုံးသပ်အကြံပြု တင်ပြအပ်ပါသည်။

(ခ) လုပ်ကွက်(B)။ ရွှေမိုးယံကုမ္ပဏီလီမိတက်နှင့် ပတ်သက်၍ ကော်မတီ၏သုံးသပ် တင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ရွှေမိုးယံကုမ္ပဏီလီမိတက်သည် စုစုပေါင်း (၉၂.၇၃၃၈)ပိဿာပေးသွင်းခဲ့ ကြောင်းနှင့် ကျန်ရှိသော ရွှေစင်များအား ခွင့်ပြုချက် ရရှိပါက ပေးသွင်းရန် အသင့်ရှိနေကြောင်း ကုမ္ပဏီမှတင်ပြချက်များအရ စိစစ်သိရှိရသည့်အတွက် နိုင်ငံတော်မှရရှိရမည့် အခွန်ဘဏ္ဍာနှင့်အကျိုးအမြတ်များ မနစ်နာစေရေး အတွက်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများထမ်းဆောင်ရမည့် တာဝန်ဝတ္တရား များကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ကျေပွန်စွာထမ်းဆောင်နိုင်ရေး အတွက်လည်းကောင်း၊ သတ္တုမိုင်းများ မပျက်စီးစေရေး၊ သတ္တုမိုင်းများ ဖျက်ဆီးမခံရစေရေးအတွက် အချိန်မီထိန်းသိမ်း ကြပ်မတ်နိုင်ရန်အတွက် လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့မှ ကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီး အစီအမံများချမှတ်၍ လျင်မြန်ထိရောက်စွာ ဆောင်ရွက်သင့်ပါကြောင်း လွှတ်တော်သို့ အစီရင်ခံ သုံးသပ်အကြံပြု တင်ပြအပ်ပါသည်။

(ဂ) လုပ်ကွက်(D)။ အာရှကမ္ဘာမြေစက်မှုလုပ်ငန်းနှင့် သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် နှင့်ပတ်သက်၍ ကော်မတီ၏သုံးသပ် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါ သည် -

(၁) အာရှကမ္ဘာမြေစက်မှုနှင့် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် ရွှေစင် (၁၇၀.၀၀၁၈)ပိဿာအား အပြည့်အဝ ပေးသွင်းပြီးကြောင်းနှင့် ရွှေသတ္တု တူးဖော်ထုတ်လုပ်မှုဆိုင်းငံ့ထားရန် ညွှန်ကြားချက်အားအပြည့်အဝ လိုက်နာပြီး ရွှေတူးဖော် ထုတ်လုပ်မှုလုပ်ငန်းများအားလုံး ဆိုင်းငံ့ထားကြောင်း ကွင်းဆင်း စစ်ဆေးစဉ် တွေ့ရှိရပါသည်။ နိုင်ငံတော်မှ ရရှိရမည့်အခွန်ဘဏ္ဍာနှင့် အကျိုး အမြတ်များ မနစ်နာစေရေးအတွက်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက်လည်းကောင်း၊ သတ္တုမိုင်းများ မပျက်စီး စေရေး၊ သတ္တုမိုင်းများ ဖျက်ဆီးမခံရစေရေးအတွက် အချိန်မီထိန်းသိမ်း ကြပ်မတ်နိုင်ရန်အတွက်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့မှ ကော်မရှင် တစ်ရပ်ဖွဲ့စည်းပြီး အစီအမံများချမှတ်၍ လျင်မြန်ထိရောက်စွာ ဆောင်ရွက် သင့်ပါကြောင်း လွှတ်တော်သို့ အစီရင်ခံ သုံးသပ်အကြံပြု တင်ပြအပ်ပါသည်။

(ဃ) ပုသိမ်ကြီးနွားမွေးမြူရေးခြံ။ ပုသိမ်ကြီးနွားမွေးမြူရေးခြံနှင့် ပတ်သက်၍ ကော်မတီ၏ သုံးသပ်တင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ပုသိမ်ကြီးနွားမွေးမြူရေးခြံသည် ပုတ်ပြတ်စနစ်ဖြင့် တစ်နှစ်ချင်းအလိုက် တိုးတက်မှုအခြေအနေပေါ်မူတည်၍ စာချုပ် ချုပ်ဆို ဆောင်ရွက်သင့်ပါ ကြောင်း အကြံပြု တင်ပြအပ်ပါသည်။

(၂) ဌာနပိုင်မြေဂရန်ရရှိရေး အလေးပေးဆောင်ရွက်သွားရန် အကြံပြုတင်ပြအပ်ပါသည်။

(င) ထုံးဘိုဝက်မွေးမြူရေးခြံ။ ထုံးဘိုဝက်မွေးမြူရေးခြံသည် ကွင်းဆင်းစိစစ်စဉ် ဌာနမှ ကုမ္ပဏီနှင့် တစ်နှစ်လျှင် ကျပ်သိန်း(၁၀၀၁)သိန်းဖြင့် စာချုပ် ချုပ်ဆိုမည့်အကြောင်း တင်ပြခဲ့ပါသည်။ သင့်လျော်ကောင်းမွန်သည့် အစီအမံဖြစ်ကြောင်း ကော်မတီဝင်များမှ အကြံပြုသုံးသပ်ခဲ့ကြပါသည်။ ပုတ်ပြတ်စနစ်ဖြင့် နှစ်အလိုက် စာချုပ် ချုပ်ဆိုသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည် -

၂၃။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းသို့ ကွင်းဆင်းစိစစ်ခဲ့သည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အောက်ပါအတိုင်း ခြုံငုံသုံးသပ်တင်ပြအပ်ပါသည် -

(က) လုပ်ကွက် (A)(B)(D)၏ ခြုံငုံသုံးသပ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) လုပ်ကွက် A၊B နှင့် Dတို့ပါဝင်သော ရွှေမိုင်းစီမံကိန်းသည် လုပ်ငန်းတန်ဖိုး ကျပ်ငွေဘီလီယံပေါင်း ပမာဏများစွာရှိသောကြောင့် နောင်တွင် တင်ဒါခေါ်ယူ၍ လုပ်ပိုင်ခွင့်များချပေးခြင်းကို ပြည်ထောင်စုလွှတ်တော်သို့ အသိပေးပြီး လုပ်ဆောင်သင့်ပါသည်။

(၂) ထုတ်လုပ်မှု၏ နောက်ဆုံးအဆင့်ဖြစ်သော ရွှေသန့်စင်ခြင်း၊ ရွှေချောင်းများအဖြစ် ထုတ်လုပ်ခြင်းနှင့် သိုလှောင်ခြင်းအဆင့်များတွင် အမှတ်(၂) သတ္တုတွင်းမှ ပါဝင်ပြီး ကြီးကြပ်မှုနှင့် စောင့်ကြည့်မှုများကို ယခုထက်ပို၍ တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်ပါသည်။

(၃) သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမှ ကာကွယ်ရန်နှင့် မိုင်းလုပ်သားများ၏ ဘေးအန္တရာယ် ထိခိုက်မှုများအတွက် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံချက်ကို စာချုပ်များတွင် တိကျသောအချက်အလက်များ ပါဝင်သင့်ပါသည်။

(၄) နောင် စာချုပ် ချုပ်ဆိုသောအခါ အကြီးစားသတ္တုလုပ်ငန်းများတွင် တင်ပြရမည့် ဖြစ်မြောက်နိုင်စွမ်း၊ သတ္တုတွင်းထူထောင်မှုစီမံချက်၊ သတ္တုတွင်းပိတ်သိမ်းမည့် အစီအမံများကို ထည့်သွင်းချုပ်ဆိုရန် လိုအပ်ပါသည်။

(၅) ကုမ္ပဏီများ၏နှစ်စဉ်အရှုံးအမြတ် Balance Sheet အား နိုင်ငံတော်စာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးအတည်ပြုသင့်ပါသည်။

(၆) စာချုပ်အား လိုက်နာရန် ဆောင်ရွက်မှုအပိုင်းတွင် စာချုပ်ပါ စည်းကမ်းချက်နှင့် တာဝန်ဝတ္တရားများကို ဝန်ကြီးဌာနနှင့် ကုမ္ပဏီနှစ်ဖက်စလုံးမှ လိုက်နာဆောင်ရွက်မှု အပြည့်အဝမရှိကြောင်း၊ အားနည်းချက်များရှိကြောင်းနှင့် ပေးသွင်းရန် တာဝန်ရှိသောပမာဏ၏ (၁၀)ရာခိုင်နှုန်း အောက်ပမာဏကိုသာ ပထမလပေါင်း(၆၀)ကျော် (၅)နှစ်အတွင်း ပေးသွင်းရန်ဖြစ်ပြီး ကျန်(၉၀)

ရာခိုင်နှုန်းကို ကျန်လပေါင်း(၃၀)အတွင်း ပေးသွင်းရန် လျာထားချုပ်ဆိုသည့် စာချုပ်များသည် နိုင်ငံတော်အတွက် အလွန့်အလွန် နစ်နာမှုများ ရှိနေကြောင်း သုံးသပ်ရရှိပါသည်။

(၇) သက်ဆိုင်ရာဌာနမှ စာချုပ်ပါ သတ်မှတ်ချက်များအရ ရရန်ရှိငွေစင်များကို ကုမ္ပဏီများမှပေးသွင်းရန် ပျက်ကွက်မှုအပေါ် ကြီးကြပ်ကွပ်ကဲမှုအားနည်းပြီး ဖြစ်စဉ်အခြေအနေမှန်များအား အချိန်နှင့်တစ်ပြေးညီ တင်ပြမှု အားနည်းကြောင်း သုံးသပ်ရရှိပါသည်။

(၈) သတ္တုတွင်းဦးစီးဌာနမှ ဆိုင်းငံ့ရန် ထုတ်ပြန်ချက်သည် တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သဖြင့် ၎င်း၏အမိန့်နှင့် ညွှန်ကြားချက်များကို ခွင့်ပြုမိန့် ရရှိလုပ်ကိုင်နေသည့် ကုမ္ပဏီများမှလိုက်နာရန် တာဝန်ရှိသည်ဟု သုံးသပ်ပါသည်။

(၉) တန်ဖိုးကြီးသော သတ္တုလုပ်ကွက်များအား စောင့်ကြည့်ကြီးကြပ်ရေးတာဝန်များတွင် အရည်အချင်းပြည့်မီသော ပညာရှင်ဝန်ထမ်းများ (ဘူမိဗေဒသတ္တုတူးဖော်ရေးအင်ဂျင်နီယာ၊ သတ္တုဗေဒအင်ဂျင်နီယာ)ကိုသာ တာဝန်ပေးအပ်ရန်နှင့် သတ္တုကဏ္ဍတွင် လူသားစွမ်းအားစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရှင်များအား ခန့်ထား/လေ့ကျင့်ပေးရန် အကြံပြုတင်ပြအပ်ပါသည်။

(၁၀) မူလစာချုပ်အပိုင်း(၂)တွင် သဘောတူစာချုပ် ချုပ်ဆိုရန်အတွက် ဥပဒေများအရ အခွင့်အာဏာရှိကြောင်းနှင့် စီးပွားရေးအရ ခိုင်မာတောင့်တင်းကြောင်းကိုယ်စားပြု အာမခံထားကြသည့် သဘောတူညီချက်ကို အလေးအနက်ထားရန် ဖြစ်သော်လည်း ကန်ထရိုက်တာများဘက်မှ အရင်းအနှီးများစွာ ထပ်မံလိုအပ်ကြောင်း တင်ပြချက်ကို အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ လိုက်လျော၍ မူလစာချုပ်ပါ သဘောတူညီချက်အချို့အား ပထမအကြိမ် ပြင်ဆင်ခွင့်ပြုခဲ့ရုံသာမက ဒုတိယအကြိမ် ပြင်ဆင်ခွင့်ပြုခဲ့ခြင်းကြောင့် ကုမ္ပဏီများအပေါ် စည်းနှောင်မှု Binding အားနည်းသွားခဲ့ရသည်ဟု သုံးသပ်ရရှိပါသည်။

(၁၁) လုပ်ကွက်(D)ကဲ့သို့ ဟင်းလင်းဖွင့် တူးဖော်သည့် လုပ်ကွက်များတွင် ဆိုင်ရာနိုက် သုံးစွဲခြင်းများရှိနေပါသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဂေဟစနစ် ပျက်စီးမှု ဆိုးကျိုးများသက်ရောက်နိုင်ပါသည်။ ထို့ကြောင့် မိုင်းတွင်းလုပ်သားများ၏ ဘဝရှင်သန်ရေးဆိုင်ရာ ဆိုးကျိုးများလည်း ရှိနိုင်ပါသောကြောင့် လုပ်ငန်းခွင်လုံခြုံရေးဆိုင်ရာများကိုလည်း စနစ်တကျစီမံ ဆောင်ရွက်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါသည်။

**နိဂုံး**

၂၄။ ကွင်းဆင်းစိစစ်ရေးအဖွဲ့သည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ လွှတ်တော်တွင် ကတိဖြစ်ပေါ်ခဲ့ပြီး၊ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့်ပတ်သက်၍ (၂၃)ရက်နေ့မှ (၂၇) ရက်နေ့အထိ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှာ ကွင်းဆင်းစစ်ဆေးခဲ့ကြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြတောင်းဆိုချက်များသည် ယင်းတို့၏ မဲဆန္ဒနယ်မြေမှ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာ ရောက်သည့်အပြင် ကော်မတီမှလည်း လုပ်ငန်းဆောင်ရွက်မှုများကို စစ်ဆေးကြပ်မတ်ပေါင်းစပ် ညှိနှိုင်းပေးသည့်အတွက် လုပ်ငန်းများ ပြီးမြောက်အောင်မြင်သည်ကို စိစစ်တွေ့ရှိရပါသည်။ ဤခရီးစဉ်တွင် ကော်မတီဝင်များ၏ အကြံပြုချက်များ၊ ဒေသခံပြည်သူများ၏ တင်ပြချက်များ၊ ဝန်ကြီးဌာနများ၏ အားသာချက်၊ အားနည်းချက်များကို တွေ့ရှိရသည့်အတွက် များစွာ အကျိုးရှိသောခရီးစဉ်ဖြစ်သဖြင့် အခါအားလျော်စွာ ကွင်းဆင်းစိစစ်လေ့လာမှုများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၅။ ကော်မတီသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးမှ သတ္တမပုံမှန်အစည်းအဝေးအတွင်း ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးခဲ့ရာ (၅)ကြိမ်တိုင်ရှိခဲ့ပြီးဖြစ်ပါသည်။ နောက်နောင်များတွင်လည်း ကွင်းဆင်းစစ်ဆေးသင့်သည့် ကိစ္စရပ်များကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ လမ်းညွှန်မှုကိုခံယူ၍ ထပ်မံကွင်းဆင်း စစ်ဆေးသွားမည် ဖြစ်ပါသည်။

၂၆။ ကော်မတီသည် ပထမပုံမှန်အစည်းအဝေးမှ ပဥ္စမပုံမှန်အစည်းအဝေးအထိ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ လုပ်ငန်းပြီးစီးသည့် အဆို၊ မေးခွန်းများအား ကော်မတီသို့(၁၉၅)ခု ပြန်လည် ပေးပို့လာပါသည်။ ပြန်လည်ပေးပို့လာသည့် အဆို၊ မေးခွန်းများအား မေးခွန်းရှင်ကိုယ်စားလှယ်များထံသို့ ဆက်လက်ပေးပို့ပြီး ကတိစာရင်းမှပယ်ဖျက်ရန် ဆောင်ရွက်လျက်ရှိရာ မေးခွန်းရှင်ကိုယ်စားလှယ်များထံမှ (၄၄)ခုသာ ပြန်လည်ရရှိပါသဖြင့် ကျန်ရှိသည့် မေးခွန်း၊ အဆိုများကို ကော်မတီသို့ သတ်မှတ်ရက်အတွင်း ဆောလျင်စွာ ပြန်လည်ပေးပို့လာပါက သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ကတိစာရင်းမှာလည်း လျော့နည်းသွားမည်ဖြစ်ပြီး မေးခွန်းရှင်ကိုယ်စားလှယ်များမှ ယခုထက်ပိုမို၍ ကော်မတီနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ကော်မတီမှလည်း ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်း၊ အဆိုများနှင့် စပ်လျဉ်း၍ ဘတ်ဂျက်တွင် ထည့်သွင်းလျာထားနိုင်ရန်အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ ဆက်လက်ပေးပို့လျက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်
အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်
တာဝန်ခံချက်များစိစစ်ရေးကော်မတီ

အားလုံးကိုကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ (၁၆း၀၀) နာရီ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဒေါ်လှိုင်းဇာ (အဖွဲ့ဝင်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီအဖွဲ့ဝင် ဒေါ်လှိုင်းဇာ ဖြစ်ပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ သတ္တမပုံမှန်အစည်းအဝေးကာလအထိ ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ**

**နိဒါန်း**

၁။ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ(၂၇)၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ(၁၀၆)၊ (၁၀၇) နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ၁၇-၂-၂၀၁၆ ရက်နေ့တွင် ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှု

ဆိုင်ရာကော်မတီကို အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၆) အရ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၆-၁၂-၂၀၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၁၆) အရ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၁၄) ဦးဖြင့်လည်းကောင်း၊ ၁၄-၃-၂၀၁၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၇) အရ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၁၅)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

## ရည်ရွယ်ချက်

၂။ ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီအား ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရန်၊ အားကစားလောက တိုးတက်စေရန်၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်ရန်၊ လူငယ်ထုအတွင်း စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်စေရန်တို့အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းကူညီဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ပါသည်။

## ကော်မတီ၏ လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်အခွင့်အရေး

၃။ ကော်မတီ၏ လုပ်ငန်းတာဝန်အနေဖြင့် (၁၁)ချက်၊ လုပ်ပိုင်ခွင့် (၉)ချက်၊ ရပိုင်ခွင့်နှင့် အခွင့်အရေး (၄)ချက် အသီးသီးချမှတ် တာဝန်ပေးအပ်ခဲ့ပါသည်။

## ဆောင်ရွက်ချက်များ

၄။ **တိုင်ကြားစာများ စိစစ်ဆောင်ရွက်ခြင်း။** ။ ကော်မတီသို့ တင်ပြလာသော တိုင်ကြားစာများနှင့်ပတ်သက်၍ ကော်မတီအတွင်းစိစစ်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

၅။ **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းများအား စိစစ်သုံးသပ်ခြင်း။** ။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများ၌ပါဝင်သည့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေ သုံးငွေများ စိစစ်ရေးနှင့် ပတ်သက်၍ သတ်မှတ်ပေးထားသော ဗဟိုအဆင့်ရုံးများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများအား စိစစ်ပေးခဲ့ပါသည်။

၆။ **အပတ်စဉ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခြင်း။** ။ အပတ်စဉ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို (၁၀)ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

၇။ **နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်ခံတွေ့ဆုံခြင်း။** ။ ပြည်ပနိုင်ငံများမှ ပါလီမန် အမတ်များ၊ လူမှုအဖွဲ့အစည်းများနှင့် (၂)ကြိမ် လက်ခံတွေ့ဆုံခဲ့ပါသည်။

၈။ **ပြည်တွင်းအဖွဲ့အစည်းများနှင့် လက်ခံတွေ့ဆုံခြင်း။** ။ HIV/AIDS ဆိုင်ရာဥပဒေကြမ်း ပေါ်ထွက်လာစေရေးအတွက် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံခဲ့ပါသည်။

၉။ **အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများတက်ရောက်ခြင်း။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်တွင်းပြည်ပ နိုင်ငံတကာအဖွဲ့အစည်းများမှ ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ စုစုပေါင်း(၄၁)ကြိမ် တက်ရောက်နိုင်ခဲ့ပါသည်။

၁၀။ **ပြည်ပဆွေးနွေးပွဲများနှင့် အစည်းအဝေးများတက်ရောက်ခြင်း။** ။ ဆေးလိပ်နှင့် ဆေးရွက်ကြီး အခွန်အကောက်ဆိုင်ရာများနှင့် ပတ်သက်၍ ပြည်ပနိုင်ငံများမှ နှီးနှောဖလှယ်ပွဲများသို့ (၆)ကြိမ် တက်ရောက်ခဲ့ပါသည်။

၁၁။ **ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ။** ။ အစီရင်ခံစာအား ၁၀-၃-၂၀၁၇ ရက်နေ့တွင် တစ်ကြိမ်၊ ၂၆-၇-၂၀၁၇ ရက်နေ့တွင် တစ်ကြိမ် စုစုပေါင်း(၂)ကြိမ် ပြုစုတင်ပြနိုင်ခဲ့ပါသည်။

၁၂။ **အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုပေးပွဲအခမ်းအနားတက်ရောက်ခြင်း။** ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဦးစီးကျင်းပသော တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အားကစားဖွင့်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားများကို (၁၄)ကြိမ် တက်ရောက်နိုင်ခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၁၃။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ(၆)လအထိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများနှင့် ရငွေ သုံးငွေများကို စိစစ်နိုင်ရန်အတွက် စိစစ်ရေးပူးပေါင်းအဖွဲ့(၉)ဖွဲ့ဖြင့် ဖွဲ့စည်းတာဝန်ပေးခဲ့ရာ အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီမှ ကော်မတီဝင်(၇)ဦး ပါဝင်ခဲ့ပါသည်။ အမျိုးသားစီမံကိန်းကဏ္ဍအလိုက် ရည်မှန်းချက်များ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ မဖြစ်မနေသုံးစွဲရန် လိုအပ်သည့်အသုံးစရိတ်များ အချိန်မီပြီးစီးရန်အလို့ငှာ သုံးစွဲရသည့်အသုံးစရိတ်များ၊ ဝန်ထမ်းအသစ်များ တိုးချဲ့ခန့်ထားခြင်းအတွက် လစာ၊ စရိတ်များ၊ နိုင်ငံတော်သို့ ပေးဆောင်ရမည့် ပြည်ပအကူအညီရငွေ၊ ပြည်ပချေးယူရငွေများအတွက် လျာထားခြင်းများကို စိစစ်ခွင့်ပြုခဲ့ပါသည်။ လောလောဆယ် ဆောင်ရွက်ရန် မလိုအပ်သေးသည့်ကိစ္စရပ်များ၊ လက်ရှိဈေးနှုန်းများနှင့် ကွာခြားနေသည့်တောင်းခံမှုများကို စိစစ်ဖြတ်တောက်ပေးခဲ့ပါသည်။

၁၄။ ဝန်ထမ်းများအနေဖြင့် လုပ်ခလစာအလိုက် လစဉ်ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံငွေပေးသွင်းနေရသော်လည်း လူမှုဖူလုံရေးဆေးခန်းများအနေဖြင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှု မပေးနိုင်သည်ကို တွေ့ရပါသည်။ ၂၀၁၂ ခုနှစ်တွင် ခေတ်စနစ်နှင့် လျော်ညီစေရန် လူမှုဖူလုံရေးဥပဒေအား ပြန်လည်ပြင်ဆင်ရေးဆွဲ၍ ၂၀၁၄ ခုနှစ်မှ စတင်ကာ အကောင်အထည်ဖော်ကျင့်သုံးခဲ့ပါသည်။ ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်မှု အာမခံအတွက် အလုပ်သမားတစ်ဦးလျှင် (၂)ရာခိုင်နှုန်း၊ အလုပ်ရှင်မှ(၃)ရာခိုင်နှုန်း စုစုပေါင်း(၅)ရာခိုင်နှုန်း ပေးဆောင်ရပြီး တချို့မြို့နယ်များရှိ လူမှုဖူလုံရေးဆရာဝန်များသည် လူမှုဖူလုံရေးဆေးခန်းထက် မိမိတို့၏ ကိုယ်ပိုင်ဆေးခန်းများတွင်သာ အချိန်ပေးလေ့ရှိသောကြောင့် ကျန်းမာရေးဝန်ဆောင်မှု အပြည့်အဝ မပေးနိုင်သလို ဆေးကုသရန် အထောက်အကူပစ္စည်းများ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိရပါသည်။

၁၅။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး (FDA) ကဏ္ဍနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ကူးစက်စေနိုင်သောရောဂါ (Communicable Diseases) နည်းတူ၊ မကူးစက်နိုင်သောရောဂါများ

(Non Communicable Diseases - ဥပမာ ဆီးချို၊ သွေးတိုး၊ ကင်ဆာ စသည့်ဖြင့်) ကိန်းဂဏန်း မြင့်တက်ခဲ့ပါသည်။ (FDA) က ပိတ်ပင်ထားသော အစားအသောက်များ ဈေးကွက်တွင် တွင်ကျယ်စွာ ဆက်လက်ရောင်းချနေခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ (FDA) ခွင့်ပြုချက်မရဘဲ နိုင်ငံခြားဘာသာ သက်သက်ဖြင့်သာ ရေးသားထားသောအစားအသောက်များ၊ ဥပဒေအရသတ်မှတ်ထားသည့် အညွှန်း အချက်အလက်မပါသည့် အစားအသောက်များနှင့် ဓာတုဗေဒဆိုးဆေးများ အလွန်အကျွံသုံးထားသော အစားအသောက်များ ရောင်းချနေခြင်းကို မည်ကဲ့သို့ထိန်းချုပ်ရန်နှင့်ပတ်သက်၍လည်းကောင်း ဒုတိယ အကြိမ် အမျိုးသားလွှတ်တော်၊ သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့တွင် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှ မေးခွန်း မေးမြန်းခဲ့ပါသည်။

၁၆။ (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာတိုင်းရင်းဆေး ပညာ နှီးနှောဖလှယ်ပွဲကို ၁၂-၁-၂၀၁၈ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေး၊ အရည်အသွေးတိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ ကျင့်ဝတ်သိက္ခာမြင့်မားရေး၊ ပြည်သူများ၏ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေး၊ မြန်မာ့ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းဆေးဝါးများ ပိုမိုကောင်းမွန်လာစေရေး စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပနိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၇။ အားကစားကဏ္ဍတွင် အားကစားအဖွဲ့ချုပ်များနှင့် ပတ်သက်၍ ဒေသတွင်းနိုင်ငံတကာ ပြိုင်ပွဲများသို့ တာဝန်ယူ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များတွင် အတွေ့အကြုံရှိ လက်ရွေးစင်အားကစားသမား အများစုမှာ အသက်အရွယ်ကြီးရင့်သူများဖြစ်နေခြင်း နှင့် မျိုးဆက်သစ်အားကစားသမားများ ထပ်မံဖြည့်ဆည်းပေးနိုင်မှု အခြေအနေအားနည်းကြောင်း တွေ့ရပါသည်။ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ အဖြစ် တာဝန်ယူထားသူအများစုမှာ ယခင်အစိုးရ လက်ထက် စီးပွားရေးလုပ်ငန်းရှင်ကြီးများဖြစ်ပြီး နိုင်ငံတကာပြိုင်ပွဲများအတွက် လိုအပ်သည့်ငွေကြေး စိုက်ထုတ်ပံ့ပိုးပေးနိုင်သော်လည်း အားကစားဖွံ့ဖြိုးတိုးတက်ရေးကိုသော်လည်းကောင်း၊ နိုင်ငံတကာ ပြိုင်ပွဲများ အောင်မြင်မှုရရှိရေး လုပ်ငန်းများအတွက်သော်လည်းကောင်း၊ ထဲထဲဝင်ဝင် စီမံလုပ်ကိုင် ဆောင်ရွက်မှုအားနည်းကြောင်း တွေ့ရှိရပါသည်။ ယခင်အစိုးရလက်ထက် အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများအား နိုင်ငံတော်မှ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်များ ခွင့်ပြု ချထားပေးခြင်းများကြောင့် အတိုင်းအတာ တစ်ခုအထိ အားပေးဆောင်ရွက်မှုများ ရှိခဲ့သော်လည်း လက်ရှိအခြေအနေတွင် နိုင်ငံတော်မှ လုပ်ပိုင်ခွင့် ချထားပေးခြင်း မရှိတော့သည့်အတွက် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ အများစုမှာ လုပ်ကိုင်ဆောင်ရွက်လိုစိတ် နည်းပါးလာကြောင်း တွေ့ရပါသည်။

၁၈။ ယဉ်ကျေးမှုဆိုင်ရာကဏ္ဍတွင် မြန်မာတိုင်းရင်းသားများ၏စာပေကဏ္ဍကို မြှင့်တင်ပေး နိုင်ရန်အတွက် ဆောင်ရွက်မှုများရှိသော်လည်း ထိရောက်စွာ သင်ကြားပေးနိုင်ခြင်းမရှိသည်ကို တွေ့ရှိ ရပါသည်။ တိုင်းရင်းသားအားလုံး၏ စာပေကဏ္ဍ မြင့်မားမှုနှင့်အတူ ၎င်းတို့၏ ရသစာပေ၊ တိုင်းရင်းသားတို့၏ ဓလေ့များ၊ သမိုင်းများ၊ ယဉ်ကျေးမှုများကို တိုင်းရင်းသားလူမျိုးများအလိုက် မြင့်မား လာအောင်ဆောင်ရွက်ရန် အားနည်းကြောင်း တွေ့ရပါသည်။

## သုံးသပ်ချက်

၁၉။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လစာ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၏ သာမန်နှင့်ငွေလုံးငွေရင်း အသုံးစရိတ်စုစုပေါင်းမှာ ကျပ်သန်းပေါင်း(၂၉၃၂၀၁.၇၁၈) လျာထား ခဲ့ပြီး ဦးစီးဌာနများအလိုက် ရာခိုင်နှုန်းများ ခွဲဝေသတ်မှတ်ထားကြောင်း သုံးသပ်ရပါသည်။

၂၀။ ပြင်ပတိုင်းရင်းဆေးပညာရှင်များပူးပေါင်း၍ စဥ်ဆက်မပြတ် တိုင်းရင်းဆေးပညာဆိုင်ရာ ဆွေးနွေးပွဲများဆောင်ရွက်ခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ၏ အရည်အချင်းနှင့်ဂုဏ်သိက္ခာ အဆင့်အတန်း တိုးတက်လာစေရန်၊ ရောဂါရှာဖွေနည်းစနစ်များအား ပြန်လည်ဖော်ထုတ်၍ လက်တွေ့ အသုံးချနိုင်ရန်၊ သမားစဥ်ကုထုံး နည်းစနစ်များနှင့် အစွမ်းထက်ဆေးဝါးများကို တိုင်းရင်းဆေးရုံနှင့် တိုင်းရင်းဆေးကုဌာနများတွင် လက်တွေ့အသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်သလို အရည်အသွေး စစ်မှန်သော ပရဆေးကုန်ကြမ်းပစ္စည်းများ ရရှိရေးအတွက် တစ်ပိုင်တစ်နိုင်အဆင့်မှ စီးပွားဖြစ် စိုက်ပျိုး ထုတ်လုပ်နိုင်သည်အထိ ပညာပေးစည်းရုံးဆောင်ရွက်သင့်ပါကြောင်း သုံးသပ်အပ်ပါသည်။

၂၁။ ယဥ်ကျေးမှုကဏ္ဍတွင် တစ်နိုင်ငံလုံးရှိ သမိုင်းဝင်ဘာသာရေးနှင့် သာသနိကအဆောက်အဦ များအပါအဝင် တိုင်းရင်းသားယဥ်ကျေးမှု အမွေအနှစ်များကို သဘာဝဘေးအန္တရာယ်ကြောင့်သော် လည်းကောင်း၊ လူ့ပယောဂကြောင့်သော်လည်းကောင်း ပျက်စီးစေမှုကို ထိရောက်စွာကာကွယ်ရန် အစီအမံများ ချမှတ်ဆောင်ရွက်သင့်ပါသည်။ တိုင်းရင်းသား စာပေ၊ ယဥ်ကျေးမှုများ အပါအဝင် တိုင်းရင်းသားများ၏ ရိုးရာဓလေ့များကို အဓိက မြှင့်တင်ပေးလျက်ရှိသော အခြေခံပညာကျောင်းများ၊ အဆင့်မြင့်တက္ကသိုလ်များကို ပိုမို၍ထောက်ပံ့ပေးရန် လိုအပ်ကြောင်း သုံးသပ်အပ်သည်။

## အကြံပြုချက်

၂၂။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လစာ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၏ ခွင့်ပြုရန်ပုံငွေများကို ထိရောက်စွာသုံးစွဲရန် လိုအပ်ပါသည်။ လွှတ်တော် ကတိကဝတ်များကို အခြေခံသတ်မှတ်ချက်များပြည့်မီအောင် ကြိုတင်ဆောင်ရွက်ထားပြီး ၂၀၁၈-၂၀၁၉ ပုံမှန်ဘဏ္ဍာနှစ် တွင် ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ အရည်အသွေးပြည့်မီရေးနှင့် ဘဏ္ဍာငွေများ ထိရောက်စွာသုံးစွဲ နိုင်ရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းများတွင် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန် အကြံပြု အပ်ပါသည်။

၂၃။ မြန်မာနိုင်ငံ၏လူဦးရေ (၇၀)ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသဖြင့် ကျေးလက်နေပြည်သူများ တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ကြရန်နှင့် ယင်လုံအိမ်သာများ အသုံးပြုကြရန် တိုက်တွန်းသင့်ပါသည်။ ရှေးနှစ်ပေါင်းများစွာကပင် ကြိုးစားဆောင်ရွက်ခဲ့သော ယင်လုံအိမ်သာ စီမံကိန်းသည်လည်း မျှော်မှန်းသလောက် မအောင်မြင်ခဲ့ပါ။ ထို့ကြောင့် ယင်လုံအိမ်သာ စီမံကိန်းကို အောင်မြင်မှုရရှိစေရန် အသစ်တစ်ဖန် ကြိုးစားဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါသည်။

၂၄။ ပြည်သူများ နေ့စဥ်စားသောက်လျက်ရှိသော အစားအစာများတွင် တားမြစ်ထားသော ဆိုးဆေး များ ပါ၊ မပါ (FDA) မှ စစ်ဆေးမှုများ ပြုလုပ်သင့်ပါသည်။ တားမြစ်ထားသော အစားအစာများကိုလည်း နေ့စဥ်ထုတ် သတင်းစာများတွင် အခါအားလျော်စွာ ဖော်ပြသင့်ပါသည်။ တားမြစ်ထားသော အစားအစာ ထုတ်လုပ်သူ၊ ရောင်းချသူများကိုလည်း ထိရောက်စွာ အရေးယူသင့်ကြောင်း အကြံပြုအပ်ပါသည်။

၂၅။ မြန်မာ့တိုင်းရင်းဆေးပညာ၏ သမားစဉ်ကုထုံး နည်းစနစ်များနှင့် အစွမ်းထက်ဆေးဝါးများကို ရောဂါအလိုက် ရှာဖွေဖော်ထုတ်၍ တိုင်းရင်းဆေးရုံများနှင့် တိုင်းရင်းဆေးကုသဌာနများတွင် လက်တွေ့အသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။ မြန်မာ့တိုင်းရင်းဆေးပညာအဆင့်အတန်းကို နိုင်ငံတကာအဆင့်အတန်းသို့ မြှင့်တင်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးပညာပေးခြင်းကို အိမ်ရှင်မများထံ ရောက်ရှိအောင် ဆောင်ရွက်သင့်ပါသည်။ တိုင်းရင်းဆေးပညာသင်ကြားရေးနည်းစနစ် ဆန်းစစ်သုံးသပ်၍ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ပြန့်ပွားရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သင့်ပါသည်။ ထိုင်းနိုင်ငံမှ ထုတ်လုပ်သည့် ဆေးလိပ်ဖြတ်ဆေး Herbal Medicine တရားဝင်သုံးစွဲမှု ထင်ရှား၍ အလားတူ မြန်မာ့တိုင်းရင်းဆေးမှ Herbal Medicine ဖြင့် ရောဂါဘယ စနစ်တကျ တိုက်ဖျက်နိုင်သော မြန်မာ့ဆေးဝါးများပေါ်ထွန်းလာစေရန် အထူးလိုအပ်သဖြင့် အစီအစဉ်များ ရေးဆွဲနိုင်ရန် အကြံပြုအပ်ပါသည်။

၂၆။ နှစ်စဉ်နှစ်တိုင်း ကလေးများ ကျောင်းပိတ်ချိန်တွင် အားကစားနည်းများကို နွေရာသီသင်တန်းအဖြစ် သင်ကြားပေးနိုင်မည်ဆိုပါက မူလတန်းမှစ၍ တက္ကသိုလ်အဆင့်အထိ မိမိဝါသနာပါရာ အားကစားနည်းများကို စိတ်ဝင်စားမှု မြင့်တက်လာစေနိုင်ရန် လူထုအားကစား (Mass Sports) ထူးချွန်အားကစား (Excellence Sports) အခန်းကဏ္ဍအလိုက် နိုင်ငံ၏အားကစားအဆင့်အတန်းအား အာဆီယံအဆင့်မှ ကမ္ဘာအဆင့်အထိ တက်လှမ်းနိုင်မည်ဖြစ်ပါသည်။ အားကစားကွင်းများနှင့် အားကစားပစ္စည်းများ လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရန် အားကစားကဏ္ဍအတွက် ဘတ်ဂျက် တိုးပေးသင့်သလို ပြည်သူများ ကိုယ်ကာယကြံ့ခိုင် သန်စွမ်းကျန်းမာစေရန်အတွက် အထောက်အကူပြု (Outdoor Fitness) များကို မြို့နယ်အလိုက် အမြန်တပ်ဆင်ပေးသင့်ကြောင်း အကြံပြုအပ်ပါသည်။

၂၇။ ယဉ်ကျေးမှုကဏ္ဍတွင် မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားကာကွယ်စောင့်ရှောက်ရေးသည် အရေးကြီးပြီး ယဉ်ကျေးမှုဆိုင်ရာ အဆောက်အဦများနှင့် ယဉ်ကျေးမှုအမွေအနှစ်များဖန်တီးခဲ့မှု၏ အခက်အခဲနှင့် နက်နဲမှု၊ အချိန်ကာလ၏ တန်ဖိုးတို့အရ မိမိတို့နိုင်ငံ့ဂုဏ်၊ ဇာတိဂုဏ်၊ ယဉ်ကျေးမှု ကြီးမြင့်မှုဂုဏ်တို့ကို ပြည်သူများ ထဲထဲဝင်ဝင်သိရှိစေရန် အသိပညာပေးခြင်း၊ နှိုးဆော်ခြင်းများ ပြုလုပ်သင့်ပါသည်။ တိုင်းရင်းသားလူမျိုးများအလိုက် သမိုင်းဝင် ယဉ်ကျေးမှုဆိုင်ရာ အဆောက်အဦများနှင့် သာသနိကအဆောက်အဦအဟောင်းများကိုလည်း ပြန်လည်ပြုပြင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အနေနဲ့ -

**နိဂုံး**

၂၈။ အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီသည် ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးအထိ (၁)နှစ်တာကာလအတွင်း ကိုယ်စားလှယ်၏မဲဆန္ဒနယ်မြေအလိုက် ပြည်သူလူထုနှင့်ထိတွေ့ပြီး ပြည်သူတို့၏အသံကို နားထောင်၍လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် လိုအပ်သလို တွေ့ဆုံ၍လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေးကဏ္ဍ

မြှင့်တင်ရေးဆောင်ရွက်ချက်များ၊ အားကစားလောကတိုးတက်ရေးဆောင်ရွက်ချက်များ၊ ယဉ်ကျေးမှုနယ်ပယ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအတွက် အတိုင်းအတာတစ်ခုအထိ စွမ်းဆောင်ပေးနိုင်ခဲ့ပါသည်။ ဆက်လက်၍လည်း ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကဏ္ဍများ အလိုက် တိုးတက်မြင့်မားစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

ကျန်းမာရေး၊ အားကစားနှင့်
ယဉ်ကျေးမှုဆိုင်ရာကော်မတီ

အားလုံး ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ (၁၆း၀၀)နာရီ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ကျင်းပရန်ရှိတဲ့၊ ဆောင်ရွက်ရန်ရှိတဲ့ အစီအစဉ်များကို မနက်ဖြန်ကျင်းပမယ့် လွှတ်တော်အစည်းအဝေးမှာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးတင်ပြပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၁) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၂၃ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ၁၁း၃၇ နာရီအချိန်တွင်ရပ်နားပါသည်။]